


# ကိုယ့်ကိုယ်ကို သုံးသပ်စမ်းပါ

## ဝိ ပ္ပ လ္လာ သ

၂၆၆

ဟောကြားသည့်နေ့
၃ - ၃ - ၆၁

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၅) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

THITSARPARAMI LIBRARY
Date ..........................

0324

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသောတရားတော်

# ကိုယ့်ကိုယ်ကို သုံးသပ်စမ်းပါ

(ဝိပ္ပလ္လာသ)

ဟောကြားသည့်နေ့
(၃-၃-၆၁)

THITSARPARAMI LIBRARY
Date

စာမူခွင့်ပြုချက်အမှတ် - ၁၀/၁၉၉၅ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၆/၁၉၉၅ (၈)

**ထုတ်ဝေသူ** ဦးအောင်ချို ( မြ-၁၈၃၁ )
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း ( မြ-၀၆၆၅၆ )
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# ကိုယ့်ကိုယ်ကို သုံးသပ်စမ်းပါ

(ဝိပ္ပလ္လာသ)

ဟောကြားသည့်နေ့ (၃-၃-၆၁)

⊛

သုံးဆယ့်တစ်ဘုံထဲမှာဖြင့် အသေလွတ်ရာရှာလို့ တွေ့ကြမှာ မဟုတ်ပါဘူးဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ထားပါနော်... (မှန်ပါ့ဘုရား)၊ သုံးဆယ့်တစ်ဘုံထဲ အသေလွတ်တဲ့ နေရာရှိပါ့မလား... (မရှိပါဘုရား)။ သုံးဆယ့် တစ်ဘုံထဲ အသေလွတ်တဲ့နေရာ ... (မရှိပါ ဘုရား)။

## မရှိရာ ရှာလို့မရတာ

ရှာနေတဲ့ ပုဂ္ဂိုလ်ဟာဖြင့် မရှိရာ ရှာသောကြောင့် မရမှာက သေချာတယ်... (မှန်လှပါဘုရား)၊ မရှိရာ

ရှာသောကြောင့်. . . (မရမှာက သေချာပါတယ်ဘုရား)။

အဲဒီ မျက်စိလည်ပြီးသကာလ နေပြီဆိုမှဖြင့်လည်း သုံးဆယ့်တစ်ဘုံထဲမှာဖြင့် နတ်ပြည်ကောင်းနိုးနိုး၊ ဗြဟ္မာပြည် ကောင်းနိုးနိုး၊ စကြဝဠာ မန္တာတ်ဖြစ်ရလို့ လူ့ပြည်လာပြီး နေရလို့ရှိရင် ကောင်းနိုးနိုးဆိုပြီး သကာလ ဒီလိုရှာကြမယ် ဆိုလို့ရှိရင်ဖြင့် အသေလွတ်ရာရှာကြငြား သော်လည်း သေရာသာတွေ့မယ်ဆိုတာ မှတ်ကြစမ်းပါ. . . (မှန်ပါ့ဘုရား)။

အသေလွတ်ရာ ရှာကြငြားသော်လည်း (သေရာသာ တွေ့ပါမယ်)၊ သေရာသာ တွေ့မယ်ဆိုတာဖြင့် ငြင်းဆန်ဖို့ လိုသေးသလား. . . (မလိုပါဘုရား)။

## ခန္ဓာအလုပ်က သေရာသွားတဲ့အလုပ်

ဒါ့ကြောင့် ဒကာ ဒကာမတို့ သတိပေးရတယ်၊ ဒီခန္ဓာကိုယ်ကြီးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒီခန္ဓာမှ တစ်ပါး ဘယ်ခန္ဓာပဲရရ၊ သူ့အလုပ်က သေရာသွားတဲ့ အလုပ်. . . (မှန်ပါ့ဘုရား)၊ ခန္ဓာအလုပ်က ဘာပါလိမ့်–(သေရာသွားတဲ့အလုပ်ပါဘုရား)၊ ခန္ဓာ့အလုပ်ကဖြင့် သေရာသွားတဲ့အလုပ်ကိုသာ သူလုပ်လုပ်ပြတာ အမြဲတမ်း အလုပ်နော်. . . (မှန်ပါ့)။

အဲဒီတော့ ဘုန်းကြီးများက သတိပေးရတယ်၊ ဒကာ, ဒကာမတို့၊ ခင်ဗျားတို့ ဥစ္စာကလည်း သုံးဆယ့်တစ်ဘုံထဲမှာဖြင့် မသေရာရှာလို့ ရှိရင်ဖြင့် မရှိပါဘူး ဆိုတာ ခင်ဗျားတို့ကလည်း သစ္စာဉာဏ်မပိုင်တော့ မသိဘူးပေါ့ ဦးခင်မောင်ကြီးရာ. . . (မှန်ပါ့ဘုရား)။

သစ္စာဉာဏ်တွေ ပြန်စဉ်းစားလိုက်တဲ့အခါကျတော့ အဇာတိ–ဇာတိမရှိတဲ့နေရာမှာလည်း ပဋိသန္ဓေမနေတဲ့ နေရာမှလည်း ဦးခင်မောင် မသေမှာပေါ့ဗျာ (မှန်လှပါဘုရား)၊ ဦးဝ–ဘယ်နေရာမှာပါလိမ့်– (ပဋိသန္ဓေမနေတဲ့ နေရာမှပါဘုရား)၊ ပဋိသန္ဓေမနေရတဲ့နေရာဖြင့် မသေရတော့ဘူး ဒကာ,ဒကာမတို့– (မှန်ပါ့)။

## ပဋိသန္ဓေမဖြစ်ရင်၊ မသေဘူး

ပဋိသန္ဓေမနေရတဲ့နေရာမှာဖြင့် ဒကာသစ်တို့ (မသေရပါဘုရား)၊ ပဋိသန္ဓေမှ မဖြစ်လို့ရှိရင် အိုစရာကောဖြစ်ပါဦးမလား. . . (မဖြစ်ပါဘုရား)၊ နာစရာကော. . . (မဖြစ်ပါဘုရား)၊ သေစရာကော. . . (မဖြစ်ပါဘုရား)။

ဩော်. . . ဒါဖြင့် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ယုန်ရှာ,ရှာနေတဲ့ အဓိပ္ပာယ်မျိုးတော့ မကောင်းပါဘူး. . . (မှန်ပါ့)၊ တောထဲက ယုန်ကလေးသည်ကားလို့

ဆိုရင်ဖြင့် နေ့လယ်ကျလို့ရှိရင် ချုံထဲမှာသာ အောင်းနေရတယ်၊ သူက ဘယ်သတ္တဝါလာလာ ကြောက်ရမည့်သတ္တဝါ ကလေးဖြစ်နေတော့ ဦးခင်မောင်ရေ...ဒီနေရာ ဒီချုံပုတ် ကလေးထဲမှာပဲ ကျင်ကြီးစွန့်ရတယ်နော်...(မှန်ပါ့)၊ ဒီနေရာမှာပဲ ကျင်ငယ်စွန့်ရတယ်ဆိုတော့၊ ဩော်... ဒီမြေပေါ်မှာဖြင့် ကြောက်ရတာများလှချည်ရဲ့ ဆိုပြီးသကာလ ခုန်လိုက်ပါတယ်။

ခုန်ပေမယ့်လည်း ဒကာ,ဒကာမတို့၊ ယုန်ခုန်တာက တစ်တောင် နှစ်တောင် မြင့်တော့မပေါ့ ဦးခင်မောင်ရေ (မှန်ပါ့ဘုရား)။ နောက် ဘယ်ပြန်ကျမယ်ထင်သလဲ...(မြေကြီးပေါ်ပြန်ကျမှာပါဘုရား)၊ မြေကြီးပေါ် ပြန်ကျမယ်ဆိုတာ မသေချာဘူးလား...(သေချာပါတယ်ဘုရား)။

## ဒီဘုံမကောင်းလို့ ဟိုဘုံပြောင်း

ဒီမှာလည်း ခင်ဗျားတို့၊ ဒီဘုံမကောင်းလို့ ဟိုဘုံပြောင်းလို့ရှိရင်လည်း ဟိုသံချိုင်းကျမှာပါပဲ...(မှန်ပါ့ဘုရား)၊ ဒီသံချိုင်းမှာ မသေချင်ပါဘူးဆိုတာနဲ့ ဘာထူးသေးသတုံး... (မထူးပါဘုရား)၊ ယုန်သည် မြေပေါ်မှာမုန်း၍ မြေကို ခုန်ငြားသော်လည်း ခုန်ရာရောက်ပါရဲ့လား...(မရောက်ပါ)၊ မြေပေါ်မှာပဲ ပြန်မကျဘူးလား...(ကျပါတယ်ဘုရား)။

ဒီမှာလည်း ဒကာ,ဒကာမတို့၊ သစ္စာမသိဘဲနဲ့ သုံးဆယ့်တစ်ဘုံထဲ အသေလွတ်ရာ ရှာနေကြမယ်ဆိုလို့ရှိရင်ဖြင့် အသေပဲပြန်တွေ့ကြမယ်. . . (မှန်ပါ့)။

ကဲ. . . ဘာပဲတွေ့ကြမလဲ. . . (အသေပဲ တွေ့ကြပါမယ်ဘုရား)၊ ဩော်. . . အသေလွတ်ရာ ရှာကြငြားသော်လည်း ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ဘာပဲတွေ့နေကြပါလိမ့် (အသေပဲ တွေ့နေကြပါတယ်ဘုရား)။

## ဆရာကောင်းနဲ့ကြုံတုန်း အသေလွတ်ရာရှာ

အသေပဲ တွေ့နေလို့ရှိရင်ဖြင့် ဒကာ,ဒကာမတို့ဘုရားပွင့်တုန်း, အခုလို ဆရာကောင်း၊ သမားကောင်းတွေနဲ့ကြုံတုန်း ဆုံတုန်း အသေလွတ်ရာ ပြနေတဲ့အချိန်မှာဖြင့်အရေးတကြီး ငါတို့သိမ်းပိုက်ပြီး အရယူမယ်ဆိုတဲ့စိတ် မွေးဖြစ်အောင်မွေးကြပါဆိုတာ ပြောရတယ်နော်. . . (မှန်လှပါဘုရား)။

ဒါမှ မမွေးလို့ရှိရင်လည်း ခင်ဗျားတို့ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်ဘူးဆိုတဲ့ဥစ္စာလည်း သိကြပြီ မဟုတ်လား. . . (မှန်ပါ့ဘုရား)၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်မှ မရကြလို့ရှိရင်လည်း မသေရာ မြင်ကြပါ့မလား. . . (မမြင်ပါဘုရား)၊ မမြင်လို့ရှိရင်လည်း သွားတတ်ပါမလား. . . (မသွားတတ်ပါဘုရား)။

မသွားတတ်လို့ရှိရင်ဖြင့် သုံးဆယ့်တစ်ဘုံထဲ လိုက်ရှာတော့ သံချိုင်းပဲ ပြန်ရောက်မှာပဲ. . . (မှန်ပါ့ဘုရား)၊ သုံးဆယ့်တစ်ဘုံထဲသာ ရှာကြမယ်ဆိုရင် ဘာသာရကြမလဲ. . . (သံချိုင်းသာရပါမယ်ဘုရား)၊ ဒါဖြင့် ဒကာ,ဒကာမတို့၊ သံချိုင်းရတဲ့အလုပ်ကိုရှောင်ပြီးသကာလ ဇာတိမရှိတဲ့အရပ်၊ ဇရာမရှိတဲ့အရပ်၊ ဗျာဓိမရှိတဲ့အရပ်၊ မရဏမရှိတဲ့အရပ်ကိုသာ ကျုပ်တို့မဂ္ဂင်လမ်းနဲ့၊ မဂ္ဂင်ရှစ်ပါး လမ်းမတော်ကြီးနဲ့ မဂ္ဂင်ငါးပါး လမ်းမြောင်ကလေး မဂ္ဂင်ရှစ်ပါး လမ်းမတော်ကြီးကို ကျုပ်တို့လိုက်ရလို့ရှိရင်ဖြင့်၊ မသေရာအမှန် ပြည်နိဗ္ဗာန်သို့ ကေန်ရောက်ပါလိမ့်မယ်ဆိုတာ ဦးခင်မောင်တို့ သေသေချာချာ မှတ်ရလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

## မဂ္ဂင်ရှစ်ပါးလမ်းမတော်ကြီး

မဂ္ဂင်ရှစ်ပါးတည်းဟူသော လမ်းမတော်ကြီးက နိဗ္ဗာန်အဖြောင့်သွားတယ်၊ မသေရာမှန် ပြည်နိဗ္ဗာန်သို့ ကေန်သွားပါတယ် (မှန်ပါ့ဘုရား)၊ သို့သော် မဂ္ဂင်ငါးပါးဆိုတဲ့ လမ်းမြောင်ကလေးမှ လမ်းမကြီးပေါ်ရောက်အောင် ဆွယ်ပြီးသကာလ မတက်လို့ရှိရင်လည်း လမ်းမတော်ပေါ် ရောက်နိုင်ပါ့မလား. . . (မရောက်ပါဘုရား)။

လမ်းမတော်ပေါ်မှ မရောက်နိုင်လို့ ရှိရင်လည်း မသေ

ရာမှန်မြတ်နိဗ္ဗာန်ဆိုတဲ့ နေရာဌာနကြီးဟာလည်း လမ်းမတော်ပေါ် ရောက်မှသာလျှင် မြင်ရ၊ ကြုံရ၊ တွေ့ရ၊ ရောက်ရဆိုသလိုဖြစ်ပြီး သကာလနေတော့ ဒကာ၊ဒကာမတို့ လမ်းမြှောင်ကလေးလိုက်ပြီး လမ်းမတော်ပေါ်ရောက်အောင် လျှောက်ပါ. . . (မှန်ပါ့)။

## သူတော်ကောင်းဆည်းကပ်ပါ

လမ်းမတော်ပေါ် လျှောက်ပြီးမှ မြို့တော်အဆိုက် သွားကြပါဆိုတဲ့ ဥစ္စာကိုလည်း ဆရာသမားများက ပြနေတယ်ဆိုတာကိုလည်း သဘောကျကြပါပြီ. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် အဲဒီလမ်းကို ရောက်ချင်ကြတယ်၊ ရချင်ကြတယ်ဆိုလို့ရှိရင်လည်း ကိုယ့်မျက်လုံးကတော့ဖြင့် မတတ်နိုင်ပါဘူး။ သူတော်ကောင်းဆည်းကပ်မှ ရတော့မှာပဲ. . . (မှန်ပါ့ဘုရား)၊ သူတော်ကောင်း မဆည်းကပ်ရင်ဖြင့် (မရပါဘုရား)။

သူတော်ကောင်း ဆည်းကပ်ပြီး သူတော်ကောင်းလုပ်နေငြားသော်လည်း သူတော်ကောင်း ပြောတဲ့တရားမနာပြန်လို့ရှိရင်လည်း ဒီ. . . လမ်းမတော်ကြီး တက်နိုင်ကြပါ့မလား. . . (မတက်နိုင်ပါဘုရား)။

## လွန်စွာအားထုတ်ရမယ်

အဲဒါကြောင့် သူတော်ဆည်းကပ်၊ မြတ်တရားနာဆိုတာ မလိုလားဗျာ. . . (လိုပါတယ်ဘုရား)၊ တရားနာရုံကလေးနဲ့လည်း မပြီးသေးဘူးတဲ့ ဒကာ,ဒကာမတို့၊ ဓမ္မာနု ဓမ္မပဋိပတ္တိအလုပ်ကို မလုပ်ပြန်လို့ရှိရင်လည်း၊၊ ခန္ဓာဉာဏ်မစိုက်လို့ရှိရင်လည်း ခန္ဓာ့ကိစ္စမသိသောကြောင့် ခန္ဓာလွတ်ငြိမ်းတဲ့ နိဗ္ဗာန်ကို သွားချင်တဲ့စိတ်ပေါ်မှာမဟုတ်တဲ့အတွက် . . . တဲ့၊ ခန္ဓာကြည့်တဲ့ အလုပ်ကိုလည်း လွန်စွာအားထုတ်တဲ့. . . (မှန်ပါ)၊ အားထုတ်ရလိမ့်မယ်နော်. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာအားထုတ်၊ ဘယ်အပေါ် အားထုတ်ရမှာတုံးလို့ မေးစရာရှိနေမှာစိုးလို့ မာဂဏ္ဍီပုဏ္ဏားကြီးအား ဘုရားရှင်ဟောလိုက်တယ်၊ နာမ်နဲ့ ရုပ်လို့. . . တဲ့။

## ကိုယ့်ဉာဏ်ထဲမှာ ဖြစ်ချုပ်မြင်ရဦးမယ်

နာမ်နဲ့ရုပ်ကို ဘယ်လို ရှုရမှာတုံးဆိုတော့ အို. . . နာမ်ကို နာမ်လို့ သိနေရုံနဲ့ မပြီးသေးဘူး၊ ရုပ်ကို ရုပ်လို့ သိရုံနဲ့ မပြီးသေးဘူး၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ကိုယ့်ဉာဏ်ထဲမှာ ဖြစ်ချုပ်ကိုလည်း မြင်ရဦးမယ်. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဤငါးအင်မှန်ပင် မဂ်ရကြောင်းဆိုတဲ့ဥစ္စာ ဒကာ, ဒကာမတွေ ဒါကို မှတ်မိကြပြီနော်. . . (မှန်ပါ့ဘုရား)။

"သူတော်ဆည်းကပ်၊ မြတ်တရားနာ။ လွန်စွာ အားထုတ်၊ နာမ်နဲ့ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင် မဂ်ရကြောင်း. . ."

သဘောကျပလား. . . (ကျပါပြီဘုရား)၊ ကဲ. . . သုံးခေါက်လိုက်ပါဦး. . . (သုံးခေါက်ချပေးသည်)၊ ကဲ–သုံးခေါက်လောက် ဆိုကြည့်ကြစမ်း အားလုံး. . . (သုံးခေါက်ဆိုကြသည်)။

အို. . . ဒီလို သုံးလေးရက် ဒကာ,ဒကာမတွေ ကျေပွန်သွားလို့ရှိရင်ဖြင့် အလုပ်စဉ်ကြီး သိသွားတဲ့အတွက် အင်မတန်မှ ဝမ်းမြောက်စရာကောင်းတယ်နော်. . . (မှန်ပါ့ဘုရား)။

## ကိုယ့်ကိုယ်ကို သုံးသပ်စမ်းပါ

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ကုရုတိုင်းမှာ သမ္မသနသုတ်ဆိုပြီး ဟောပါတယ်။ ဒကာ,ဒကာမတို့၊ သမ္မသနသုတ်ဆိုတာ သူများ မသုံးသပ်ပါနဲ့၊ ကိုယ့်ကိုယ်ကို သုံးသပ်စမ်းပါဆိုတာကို ကုရုတိုင်းမှာပဲ ဟောတော်မူတယ်နော်. . . (မှန်ပါ့ဘုရား)၊ ဘယ်မှာသုံးသပ်ရမှာပါလိမ့်. . . (ကိုယ့်ကိုယ်ကို သုံးသပ်ရမှာပါဘုရား)။

ကိုယ့်ကိုယ်ကို သုံးသပ်ကြည့်ပါတဲ့ ဒကာ,ဒကာမတို့ နော်. . .(မှန်ပါ့)၊ ကိုယ့်ကိုယ်ကို သုံးသပ်ကြည့်တဲ့အခါကျလို့ ရှိရင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရဟန်းတို့. . . မင်းတို့ ကိုယ့်ကိုယ်ကို သုံးသပ်ကြရဲ့လားလို့ ကုရုတိုင်းမှာ ရဟန်းတွေကို မေးလိုက်တဲ့အခါ ရဟန်းတစ်ပါးက တပည့် တော်တို့ (သုံးသပ်ပါတယ်ဘုရား)။

**အသုဘကမ္မဋ္ဌာန်း**

ဩော်. . .မင်းတို့သုံးသပ်တာ ပြောစမ်းပါဦးကွာ၊ တပည့်တော်ဟာ သုံးဆယ့်နှစ်ကောဋ္ဌာသ သုံးသပ်ပါတယ် ဘုရားဆိုတော့ ဘုရားအလိုမကျဘူး. . .(မှန်ပါ့ဘုရား)။

ဘာကြောင့် အလိုမကျသတုံးလို့ မေးတဲ့အခါကျ တော့ ဟိုက အသုဘကမ္မဋ္ဌာန်းဖြစ်နေတယ်. . .(မှန်ပါ့)၊ ဒီက သစ္စာကမ္မဋ္ဌာန်းကို ဘုရားက လိုချင်တယ်. . .(မှန်လှပါဘုရား)။ သုံးဆယ့်နှစ်ကောဋ္ဌာသ ဘာကမ္မဋ္ဌာန်းတဲ့တုံး. . .(အသုဘ ကမ္မဋ္ဌာန်းပါ)၊ ဘုရားက လိုချင်တာက. . .(သစ္စာ ကမ္မဋ္ဌာန်း ပါ ဘုရား)။

**သစ္စာကမ္မဋ္ဌာန်း**

သစ္စာကမ္မဋ္ဌာန်းကို လိုချင်တဲ့အတွက် ဘုရားက

အလိုမကျတော့ အရှင်အာနန္ဒာက အနားမှာ ရှိတယ်။ အရှင်ဘုရား. . . အရှင်ဘုရား ဟောမှ ပြောမှ သိရမယ့် ပုဂ္ဂိုလ်၊ နာရမယ့် ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်ဘုရား၊ အရှင်ဘုရားသာ ဟောတော်မူပါ၊ အရှင်ဘုရားသာ ဆုံးမတော်မူပါ. . . ဆိုတော့ အေး. . . ကောင်းစွာနာကြ၊ ကောင်းစွာ နာကြကွ. . . ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ခန္ဓာထဲမှာ သုံးသပ်စမ်းပါကွ. . . ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သုံးသပ်ခိုင်းတဲ့ ဥစ္စာ ဒကာ,ဒကာမတို့၊ အို,နာ,သေ . . . (မှန်ပါ့)။

## ခန္ဓာမှာ အိုတတ်တဲ့တရားရှိတယ်

ဒကာ, ဒကာမတို့၊ ခန္ဓာကိုယ်ထဲမှာ အိုတတ်တဲ့ တရားလည်းရှိတယ်၊ နာတတ်တဲ့တရား၊ သေတတ်တဲ့ တရားကော (ရှိပါတယ်ဘုရား)၊ ခန္ဓာငါးပါးသည် ဒကာ,ဒကာမတို့၊ ဇရာပိဒုက္ခသစ္စံဆိုတာလည်း ခန္ဓာငါးပါး၊ ဗျာဓိပိဒုက္ခသစ္စံဆိုတာလည်း ခန္ဓာငါးပါး၊ မရဏမ္ပိဒုက္ခသစ္စံ. . . ဆိုတာကော (ခန္ဓာငါးပါးပါဘုရား)၊ ခန္ဓာငါးပါးပဲဆိုတာ မှတ်ကြပါ. . . ဒကာ ဒကာမတို့. . .။

အဲဒီတော့ မင်းတို့ ခန္ဓာကိုယ်ကို မင်းတို့ ရှုလိုက်စမ်းပါကွာတဲ့၊ အို,နာ,သေဟာ ဘယ်ကလာပါလိမ့်မလဲလို့

မင်းတို့သုံးသပ်လို့ရှိရင် အရင်းအမြစ် ပေါ်လာပြီး သကာလ အရင်းအမြစ်ဖြတ်တတ်တဲ့ ဉာဏ်လာပါလိမ့်မယ်ကွ၊ ဒါကြောင့် စပြီးသုံးသပ်စမ်းပါ ဆိုပြီးသကာလ အို,နာ,သေ ဘယ်ကလာပါလိမ့်မလဲလို့ ဆင်ခြင်ကြစမ်းပါ (မှန်ပါ့)။

## အိုနာသေ ဘယ်ကလာပါလိမ့်

ဒကာ,ဒကာမတို့၊ အို,နာ,သေ ဘယ်က လာပါလိမ့်. . .(ခန္ဓာငါးပါးက လာပါတယ်ဘုရား)၊ အေး. . .ခန္ဓာငါးပါးက လာတယ် ဒကာ,ဒကာမတို့ ရိပ်မိပြီ၊ အို,နာ,သေ ဆိုတာ ခန္ဓာငါးပါးက လာတယ်. . .နော်. . .(မှန်ပါ့)၊ အို,နာ,သေဘယ်ကလာပါလိမ့် ဒကာ,ဒကာမတို့. . .(ခန္ဓာငါးပါးက လာပါတယ်ဘုရား)၊ အေး. . .ခန္ဓာငါးပါးက လာတယ်၊ ခန္ဓာငါးပါးက လာတယ်နော်. . .(မှန်ပါ့)။

ဒါဖြင့် ဒကာ,ဒကာမတို့၊ ဘယ်ခန္ဓာရရင် အရတော်လေစွလို့ ဆိုကြမလဲ. . .(ဘယ်ခန္ဓာမှ အရမတော်ပါဘုရား)။ ဦးခင်မောင် ဆိုချင်သေးသလား (မဆိုချင်ပါဘုရား)၊ အားလုံး ဒကာ,ဒကာမတွေ ခန္ဓာကိုယ်ရတယ်လို့ဆိုရင်ဖြင့် ဘာတွေ အညွန့်အညှောက်ပေါက်မယ်ဆိုတာလည်း သိပြီးသားဖြစ်နေကြတဲ့အတွက် အို,နာ,သေ ဘယ်ကလာပါလိမ့်မလဲ. . .(ခန္ဓာငါးပါးက လာပါတယ်ဘုရား)။

ပြော်. . . ဒီလို သုံးသပ်စမ်းပါကွာ၊ ဒီလိုသုံးသပ်စမ်းပါကွာ၊ ဒီလိုဆိုရင်ဖြင့် အမြစ်အရင်းတွေပေါ်ပြီး မင်းတို့ဖြစ်တတ်တဲ့ဉာဏ် ငါဟောလို့ လွတ်ပါလိမ့်မယ်ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပဋိစ္စသမုပ္ပါဒ်ကြီးကို လေးမျိုးနဲ့ အပြတ်ထားပြီး သကာလ သစ္စာဆိုက်အောင် ဟောနေတယ်လို့ မှတ်ထားလိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)။

## အို,နာ,သေ ခန္ဓာကလာတယ်

ကိုင်း. . . ဒကာ,ဒကာမတို့၊ ခင်ဗျားတို့ သိအောင် အို,နာ,သေ ဘယ်ကလာပါလိမ့်. . . (ခန္ဓာငါးပါးက လာပါတယ်)၊ အင်း. . . စာကတော့ ဥပဓိ နိဒါနံ. . . လို့ဆိုတယ်၊ ခန္ဓူပဓိ က လာတယ်လို့ ဆိုတာပါပဲ၊ သို့သော် ဒကာ ဒကာမတွေ နားလည်မှု တန်ဆာဆင်လိုက်တဲ့ အခါကျတော့ ခန္ဓာငါးပါးကလာတဲ့ အို,နာ,သေဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ,ဒကာမတို့၊ ဘယ်ခန္ဓာ ရလို့ရှိရင် အို,နာ,သေ လွတ်ပါ့မလဲ. . . (ဘယ်ခန္ဓာမှ မလွတ်ပါဘုရား)၊ ဒါဖြင့် ဘယ်ခန္ဓာ ဆုတောင်းသင့်သလဲလို့ မေးလို့ရှိရင် ဘယ့်နှယ်ပြောကြမလဲ. . . (ဘယ်ခန္ဓာမှ ဆုမတောင်းသင့်ပါဘုရား)။ ဘယ်ခန္ဓာမှ ဆုမတောင်းကြပါနဲ့၊ သူက ထွက်လာ

တဲ့ အညွှန့်အညှောက်တွေဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

## ခန္ဓာကအကြောင်း သမုဒယ

ခန္ဓာက ထွက်လာတာ အိုညွှန့်၊ နာညွှန့်၊ သေညွှန့် မှတစ်ပါး ဘာများ ထွက်သေးသတုံး. . . (ဘာမှမထွက်ပါဘုရား)။ ဒါကြောင့် အို,နာ,သေ ဘယ်ကလာပါလိမ့်. . . (ခန္ဓာကလာပါတယ်ဘုရား)။ ဩော်. . . ဒကာ, ဒကာမတွေ သိသွားတော့ ဒကာ,ဒကာမတို့ ခန္ဓာကအကြောင်း၊ အို,နာ, သေက (အကျိုးပါဘုရား)။

## အိုနာသေက အကျိုးဒုက္ခ

ဤအကြောင်း အကျိုးဆုံးအောင် ကျင့်နိုင်တဲ့ အကျင့်သည်ကား ခန္ဓာအကြောင်း သမုဒယ၊ အို၊ နာ၊ သေက အကျိုးဒုက္ခ. . . (မှန်ပါ့)၊ ရှင်းပလား(ရှင်းပါပြီ)၊ ခန္ဓာ က (အကြောင်းသမုဒယပါ)၊ အို,နာ,သေက. . . (အကျိုးဒုက္ခ ပါဘုရား)၊ ရှင်းပြီနော်၊ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ သိသွား ပြီနော်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ,ဒကာမတို့သည် အို,နာ,သေကို လွတ် အောင်ကျင့်နိုင်တဲ့ အကျင့်ကိုတော့ ဘာဆိုကြမလဲ. . .

(မဂ္ဂသစ္စာပါဘုရား)၊ ကျင့်လိုက်တဲ့အခါကျတော့ ဒီခန္ဓာရော အို၊နာ၊သေရော လွတ်သွားမယ်ဆိုရင် ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)။

## ကိုယ့်ခန္ဓာကိုယ် သုံးသပ်ကြစမ်းပါ

အေး. . . ဒီလိုသစ္စာလေးပါးသိတဲ့ဉာဏ်ကို ဘုရားက ဟောချင်လို့ ကိုယ့်ခန္ဓာကိုယ် သုံးသပ်ကြစမ်းပါကွလို့ သေသေချာချာ ဟောတော်မူပါတယ်. . . (မှန်ပါ့)၊ သဘောပါ ကြပလား. . . (ပါ–ပါတယ်ဘုရား)။

တစ်ခါတွေးကြဦးစို့ ဒကာ၊ဒကာမတို့၊ ဩော်. . . တပည့်တော်တို့ဖြင့် ယနေ့ထူးထူးခြားခြားပဲ သိပါပြီဘုရား၊ ခန္ဓာရှိရင် အို၊နာ၊သေ တည်းဟူသော အညွန့်အညှောက် တွေ ပေါက်ရတော့မယ်၊ မပေါက်ပါနဲ့ဆိုလို့. . . (မရပါဘုရား)။ ကျွေးရင်းမွေးရင်းနဲ့လည်း. . . (ပေါက်ပါတယ်ဘုရား)။

အိုညွန့်၊ နာညွန့်၊ သေညွန့်တွေ ဘယ့်နှယ်တုံး. . (ပေါက်ပါတယ်ဘုရား)၊ ဆင်ရင်း ပြင်ရင်းနဲ့ကော. . . (ပေါက် ပါတယ်ဘုရား)၊ အိုညွန့်၊ နာညွန့်၊ သေညွန့်တွေက ပေါက် လာတာပဲ ဒကာ၊ဒကာမတို့၊ သဘောကျပလား. . . (ကျပါ ပြီ)၊ ဆေးတွေဝါးတွေကုရင်း မတ္တနဲ့ကော. . . (ပေါက်ပါတယ် ဘုရား)၊ အို၊နာ၊သေပဲ ပြန်ပေါက်ပွားလာတယ်ဆိုတာ

ရှင်းကြပလား. . . (ရှင်းပါပြီ)။

## ဒီခန္ဓာက သမုဒယသစ္စာ

ဒါ ဒကာ,ဒကာမတို့၊ ဒီခန္ဓာကြီးသည်ကားလို့ဆိုလို့ ရှိရင်ဖြင့် ဘယ်လိုတားလို့မှမရတဲ့ ခန္ဓာကြီးဆိုတာ သေချာကြပလား. . . (သေချာပါပြီ)။

## အို,နာ,သေက ဒုက္ခသစ္စာ

ဒါကြောင့် ဒီခန္ဓာ ဘာသစ္စာ. . . (သမုဒယသစ္စာပါဘုရား)၊ အို,နာ,သေက ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာ၊ ဒီခန္ဓာကြီးက သမုဒယသစ္စာ၊ အို,နာ,သေက . . . (ဒုက္ခသစ္စာပါဘုရား)။

## လွတ်ကျွတ်အောင် အကျင့်က မဂ္ဂသစ္စာ

သူတို့ကို လွတ်အောင် ကျွတ်အောင်ကျင့်နိုင်တဲ့ အကျင့်က (မဂ္ဂသစ္စာပါဘုရား)၊ ကျင့်လိုက်လို့ လွတ်သွားလို့ရှိရင်. . . (နိရောဓသစ္စာပါဘုရား)။

## အိုနာသေချုပ်တာက နိရောဓသစ္စာ

အဲ. . . ဒီနှစ်ခု လွတ်သွားရင် နိရောဓသစ္စာဆိုတာ

ဒကာ,ဒကာမတို့ ခန္ဓာနဲ့တကွ...အို,နာ,သေ ချုပ်တာကို ဆိုပါတယ်...(မှန်ပါ့ဘုရား)။ ခန္ဓာနဲ့တကွ– အို,နာ,သေ ချုပ်တာကို ဘာဆိုကြမလဲ်...(နိရောဓသစ္စာပါဘုရား)၊ နိရောဓသစ္စာ၊ ဒါအားထုတ်တဲ့ ပုဂ္ဂိုလ်တွေတော့ ရကြမှာ ပေါ့ဗျာ...(မှန်ပါ့ဘုရား)။

ကိုင်း–ဒါဖြင့် ဒကာ,ဒကာမတို့ တွေးသာအောင် ဆက်ပြီးသကာလ ဘုရားက သမ္မသနသုတ်ဆိုတာ တွေး ကြကွဲ့....တဲ့။ ဒီခန္ဓာကြီးကလည်း ဘယ်ကများ လာပါလိမ့် မလဲဆိုတဲ့အမေးကို ပြန်မေးပါ...(မှန်ပါ့)၊ ဘယ်ကလာပါ လိမ့်...(တဏှာက လာပါတယ်ဘုရား)။

## ခန္ဓာငါးပါးသည် တဏှာကလာတယ်

ဟုတ်ပြီ၊ ဒကာ,ဒကာမတို့၊ သုံးရက်တောင် ရှိသွား တော့ ဒကာ,ဒကာမတွေ နားပါးလာပြီ၊ ခန္ဓာငါးပါး ရုပ်နာမ် တရားသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဘယ်ကများလာပါ လိမ့်...(တဏှာကလာပါတယ်ဘုရား)။

ဩော်...ဒါဖြင့် တဏှာက ဘာသစ္စာ...(သမုဒယ သစ္စာပါဘုရား)၊ ခန္ဓာက...(ဒုက္ခသစ္စာပါဘုရား)၊ သူတို့ နှစ်ခုချုပ်အောင် ကျင့်တဲ့အကျင့်က...(မဂ္ဂသစ္စပါဘုရား)၊ နှစ်ခုစလုံးချုပ်သွားရင်...(နိရောဓသစ္စာပါဘုရား)။

ဒါကြောင့် တဏှာ နီရောဓေ နိဗ္ဗာနံ၊ ခန္ဓနိရောဓေ နိဗ္ဗာနံလို့ ဘုရားကဟောလိုက်ပြန်တယ်. . . (မှန်ပါ့ဘုရား)၊ ဒီသစ္စာကို အများကြီးသိချင်လို့ ဦးဖံရင်တို့၊ ဦးမြရွှေတို့ နော်. . . (မှန်ပါ့)၊ သုံးဆယ့်နှစ်ကောဋ္ဌာသကို သူအလိုမရှိဘူး၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ရဟန်းတစ်ပါးက ထ,ဖြေတော့ ကျေနပ်ကဲ့လား ဘုရားက. . . (မကျေနပ်ပါဘုရား)။

မကျေနပ်ဘူးတဲ့၊ သစ္စာမဆိုက်သေးတဲ့အတွက် မကျေနပ်ဘဲဖြစ်ပြီး သကာလနေတော့ ဘုရားရှင်က သစ္စာဟောချင်တာ၊ ဟိုဟာလည်း ဟောတာပါပဲ၊ သို့သော် ဒီအကွက်မှာ သစ္စာကို မြင်မြင်ထင်ထင်ကြီး ပြချင်တာနဲ့ ဒကာ,ဒကာမတို့၊ ဟိုရဟန်းကျင့်စဉ်က ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မကျေနပ်ဘဲ ဖြစ်နေတယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီ)။

## တဏှာက တည်ဆောက်တာ

ဩော်. . . ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ အခုတရားနာကြတာ ခန္ဓာဘယ်နှစ်ပါးနဲ့ပါလိမ့်. . . (ငါးပါးနဲ့ပါဘုရား)။ အင်း. . . ဟင်း. . . ဘယ်သူကများ တည်ထောင်လိုက်လို့ ဒီခန္ဓာငါးပါးကြီးနဲ့ အခု ဒီလိုကြုံဆုံပြီး နေကြရ

ပါလိမ့်မလဲ. . . (တဏှာက တည်ထောင်လိုက်လို့ပါ ဘုရား)။

ဒြေဉ်. . . တဏှာက စီမံလိုက်တဲ့အတွက် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ရ, ရပါလို၏ဆိုတဲ့ တဏှာက စီမံလိုက်တော့ ကံကနေပြီး အားထုတ်လိုက်တော့ ဒကာ, ဒကာမတို့၊ တဏှာက လက်သည်ပါ၊ ဥပါဒါန်က သူနိုင်းတာ လုပ်ရတာပါ၊ ကံကလည်း ဒကာ,ဒကာမတွေ သိတဲ့အတိုင်း တဏှာခြယ်လှယ်ရာ လုပ်ရတဲ့အတွက် ခန္ဓာငါးပါး ပေါ်မလာဘူးလား. . . (ပေါ်လာပါတယ် ဘုရား)။

ဒါကြောင့် တဏှာ ဥပါဒါန်၊ ကံသုံးပါးတွင် ဥပါဒါန်ကံတွေကို ဘုရားကဖြုတ်ထားပြီး ဒီနေရာမှာ တဏှာက လာတယ်ပြောလိုက်တာ. . . (မှန်ပါ့ဘုရား)၊ ရှင်းကြပလား . . . (ရှင်းပါပြီ)၊ ဒီဥပါဒါန်ကံတွေလည်း မပါဘူးလား. . . (ပါ. . . ပါတယ်ဘုရား)၊ သို့သော် ပြဋ္ဌာန်းတဲ့အကြောင်းက တဏှာ. . . (မှန်ပါ့ဘုရား)။ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ခန္ဓာငါးပါး ဘယ်က လာပါလိမ့်. . . (တဏှာက လာပါတယ် ဘုရား)။

## တပ်နှစ်သက်တာ တဏှာ

ဒြေဉ်. . . ဒီခန္ဓာငါးပါးကြီးဟာ ဒကာ,ဒကာမတို့၊ တဏှာဆိုတာသည် အင်မတန် ဆိုးရွားယုတ်မာတဲ့ တရား၊

တပ်နှစ်သက်တာ တဏှာခေါ်တယ်၊ ဖြစ်စေတတ်တာ သမုဒယလို့ခေါ်တယ်၊ အဲဒီ သမုဒယသစ္စာ တဏှာကြောင့် ဒကာ,ဒကာမတွေမှာ ယခု ဘာရ,ထားကြသတုံး. . . (ခန္ဓာ ငါးပါးရ,ထားကြပါတယ်ဘုရား)၊ ဩော်. . . ခန္ဓာငါးပါး ရ, ထားတော့ တပည့်တော်တို့ ဒီဘဝ မလိုချင်ပါဘူးဘုရား၊ မအိုချင်ပါဘူးဘုရား၊ မနာချင်ပါဘူးဘုရား၊ မသေချင်ပါဘူး ဘုရားဆိုတော့ ခန္ဓာကထွက်လာတဲ့အညွန့်ပဲ၊ တားလို့၊ ဆီး လို့၊ ပိတ်လို့၊ ပစ်လို့ရနိုင်ကြပါ့မလား. . . (မရနိုင်ပါဘုရား)၊ မရနိုင်ဘူးဆိုတာ သေချာပါတယ်. . . (သေချာပါတယ်ဘုရား)။

ဒါကြောင့် ဒကာ,ဒကာမတို့ သိတဲ့အတိုင်း တဏှာ တည်းဟူသော ရေသောက်မြစ်ကို မဖြတ်လို့ရှိရင်ဖြင့် ဒကာ, ဒကာမတို့သည် ခန္ဓာကြီးရပြီးသကာလ မသာချည်း ချနေ ရမှာပဲ. . . (မှန်လှပါဘုရား)၊ ခန္ဓာကြီးရပြီး (မသာချည်း ချ နေရမှာပါဘုရား)၊ သဘောပါကြပလား. . . (ပါပါပြီဘုရား)။

အင်း. . . ပုရွက်ဆိတ်ကလေးဖြစ်လည်း ပုရွက်ဆိတ် မသာနဲ့ပေါ့ဗျာ. . . (မှန်ပါ့)၊ ဆင်ဖြစ်ရင်တော့. . . (ဆင်မသာ နဲ့ပါဘုရား)။ ငါးဖြစ်ရင်တော့. . . (ငါးမသာနဲ့ပါဘုရား)၊ အဲ. . . နတ်ဖြစ်ပြန်တော့. . . (နတ်မသာနဲ့ပါ)၊ ဗြဟ္မာဖြစ်ပြန်တော့ (ဗြဟ္မာမသာနဲ့ပါဘုရား)။

## တဏှာသည် ဘာလုပ်တတ်ပါလိမ့်

ဩော်. . . ဒီမသာတွေ ဘယ်သူများ ဖန်ဆင်းပြီး ဘယ်သူတည်ထောင်ပါလိမ့်. . .(တဏှာ တည်ထောင်ပါတယ်ဘုရား)။ ဒါဖြင့် ဒီတဏှာသည် ဘာမှမလုပ်တင်ဘူး၊ မသာပဲ လုပ်ကာတတ်တယ်. . .(မှန်ပါ့ဘုရား)၊ ရှင်းကြပလား . . .(ရှင်းပါပြီ)။

တဏှာသည် ဘာလုပ်တတ်ပါလိမ့်. . .(မသာလုပ်တတ်ပါတယ်ဘုရား)၊ မသာပဲ လုပ်တတ်တယ်၊ နောက်ဆုံးပိတ်၊ နောက်ဆုံးပိတ်နော်. . .(မှန်ပါ့ဘုရား)၊ နောက်ဆုံးပိတ်ကျတော့ သူမသာဖြစ်အောင်ပဲ လုပ်တတ်တယ်. . .(မှန်လှပါ)၊ အခြား ဘာလုပ်တတ်သေးလဲ. . .(မလုပ်တတ်ပါဘုရား)၊ ပေါ်ကြပလား. . .(ပေါ်ပါပြီဘုရား)။

ဒီတဏှာကြောင့် ခန္ဓာဖြစ်လာပါတယ် ဆိုကတည်း က ခန္ဓာက ဒီ–ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ အိုမှု၊ နာမှု၊ သေမှုတည်းဟူသော အညွန့်အညှောက်တွေမှာ လမ်းမဆုံးရဘူးလားဗျ. . .(ဆုံးရပါတယ်ဘုရား)၊ သဘောပါကြပလား . . .(ပါ,ပါတယ်ဘုရား)။

## တဏှာသည် ခန္ဓာလုပ်တတ်တယ်

ဒါဖြင့်တဏှာသည် ဘာကိုလုပ်တတ်ပါလိမ့်မလဲ. . .

(ခန္ဓာကို လုပ်တတ်ပါတယ်ဘုရား)၊ ခန္ဓာသည် ဘယ်မှာ လမ်းဆုံးပါလိမ့်၊ မသာမှာ လမ်းဆုံးပါတယ်. . . (မှန်ပါ့ဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)၊ **ခန္ဓာသည် ဘယ်မှာ လမ်းဆုံး** သလဲ. . . (မသာမှာ လမ်းဆုံးပါတယ်ဘုရား)။

မသာမှာလမ်းဆုံးတယ် ပြောလိုက်ပါတော့ တိုတိုပါပဲ (မှန်ပါ့)၊ ဒကာ,ဒကာမတွေ လွမ်းမနေပါနဲ့တော့. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ တဏှာကြောင့် ဘာဖြစ်သလဲ. . . (ခန္ဓာဖြစ်ပါတယ်)၊ ခန္ဓာဘယ်မှာ စခန်းသတ်ပါလိမ့်. . . (မသာမှာပါဘုရား)။

## ခန္ဓာရရင် မသာရတာပဲ

မသာမှာ စခန်းသတ်ရတယ်ဆိုတာ ခန္ဓာရတဲ့ ပုဂ္ဂိုလ်ဟာ ဒီမှာချည်း စခန်းသတ်တာပဲဆိုတော့ အားလုံး တရားနာတဲ့ ဦးခင်မောင်တို့ လူစု ခန္ဓာရရင် မသာရတာပဲ (မှန်ပါ့ဘုရား)။ ခန္ဓာရရင်. . . (မသာရတာပါပဲဘုရား)။

ဒါဖြင့် ဘယ်ခန္ဓာ ရ,ရပါလို၏၊ ဘယ်မသာ ချရပါလို၏။ ဒီအဓိပ္ပာယ်ပဲရတယ်. . . (မှန်ပါ့ဘုရား)၊ ဒီပြင် ဘာရသေးသတုံး. . . (မရပါဘုရား)၊ အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ဘယ်ခန္ဓာမှမရချင်ပါနဲ့ (မှန်ပါ့ဘုရား)၊ ခန္ဓာရရင် ဘာရမယ် (မသာရပါမယ်)။

ဒါဖြင့် ဒကာ,ဒကာမတို့၊ ဩော်. . . နိဗ္ဗာန် မရသေး မီစပ်ကြားမှာဖြင့် နတ်ခန္ဓာ ရ,ရပါလို၏ဆိုတော့ နတ်မသာ ချရပါလို၏။ ဒါပဲ ရတယ်. . . (မှန်ပါ့ဘုရား)၊ ဗြဟ္မာခန္ဓာ ရ,ရပါလို၏ ဆိုပြန်တော့. . . (ဗြဟ္မာမသာ ချရပါလို၏)၊ ဗြဟ္မာ မသာ ကိုယ်တိုင်ဖြစ်ရပါလို၏. . . (မှန်ပါ့)၊ ဘာပါလိမ့်. . . (ဗြဟ္မာမသာ ကိုယ်တိုင်ဖြစ်ရပါလို၏)။

## သုံးဆယ့်တစ်ဘုံ မသာစုံဖြစ်ရတယ်

ဗြဟ္မာမသာ ကိုယ်တိုင်ဖြစ်ရပါလို၏ဆိုတော့ ဒကာ, ဒကာမတို့၊ သုံးဆယ့်တစ်ဘုံ မသာစုံ ဖြစ်ရပါလို၏ ဆိုတာ တဏှာလုပ်တာ. . . (မှန်ပါ့ဘုရား)၊ သုံးဆယ့်တစ်ဘုံမသာစုံ ဖြစ်အောင် (တဏှာက လုပ်ပါတယ်ဘုရား)၊ တဏှာက လုပ်တယ်ဆိုတာ သေချာကြပလား. . . (သေချာပါပြီ)။

ဒါဖြင့် ဒီတဏှာ မသေသရွေ့ မသာမျိုးတော့ဖြင့် ပြတ်မယ်မဟုတ်ပါဘူး. . . (မှန်ပါ့)၊ ပြတ်ပါ့မလား. . . (မပြတ်ပါ)။ ဒါ ကြမ်းကြမ်းပြောတာလား၊ အမှန်ပေးနေတာလား၊ အကဲခတ်ပါ. . . (အမှန်ပေးနေတာပါဘုရား)။

အမှန်ပေးနေတယ်တဲ့၊ နားထဲမှာကြားရတဲ့ ပုဂ္ဂိုလ် ကတော့ ဩော်. . . ဘုန်းကြီးနှယ် ကြမ်းလိုက်တာဆိုတာ ခင်ဗျားတို့က ကြမ်းတယ်ထင်တယ်၊ ခန္ဓာက ဒါပဲ. . . (မှန်ပါ့

ဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့က ကြမ်းတယ်ထင်ပေမယ့် ခန္ဓာက ဒုက္ခပြင်နေပြီးထွက်လာသေးသလား. . . (မထွက်ပါ)၊ ခန္ဓာရတဲ့ပုဂ္ဂိုလ် ဘယ်လမ်းဆုံးရမယ်. . . (မသာလမ်းဆုံးရပါမယ်ဘုရား)၊ ဒီမသာ ဘယ်သူတည်ထောင်ပါလိမ့်. . . (တဏှာ တည်ထောင်ပါတယ်ဘုရား)။

## မသာဖြစ်မယ့် အထည်ကြီး

အံမာလေး. . . ဒါဖြင့် ဒကာ,ဒကာမတို့၊ ဒီတဏှာ ဟာ ပေါင်းသင်းထိုက်၊ မပေါင်းသင်းထိုက်. . . (မပေါင်းသင်းထိုက်ပါဘုရား)၊ ဦးဝကြီး ပေါင်းသင်းချင်သေးသလား. . . (မပေါင်းသင်းချင်ပါဘုရား)၊ ဒီတဏှာ ပေါင်းမိလို့ ကျုပ်တို့မှာ အခုမသာဖြစ်မယ့် အထည်ကြီးနဲ့ သွားလာနေရတာ. . . (မှန်ပါ့)။

ဒကာ,ဒကာမတို့၊ ဘယ်သူနဲ့ သွားလာနေရတာတုံး. . . (မသာဖြစ်မယ့် အထည်ကြီးနဲ့ပါ ဘုရား)၊ မသာဖြစ်မယ့်အထည်ကြီးနဲ့ သွားလာနေရတော့ ကောင်းသေးရဲ့လား . . . (မကောင်းပါဘုရား)။

## ရှင်မသာ

အထဲကနေပြီး သူက ရှင်မသာတွေ၊ သေမသာတွေ များ နှစ်မျိုးပြလိုက်သေးတယ်. . . (မှန်ပါ့)၊ သွားတဲ့အခါ နှပ် တွေညှစ်လိုက်၊ ကျင်ကြီးတွေစွန့်လိုက်ဆိုတော့ အသုဘ တွေ မပြဘူးလား. . . (ပြပါတယ်)၊ ဒါ–ရှင်မသာကိုးဗျ. . . (မှန်ပါ့)။

## သေမသာ

နောက်ဆုံးပိတ်ကျတော့ ခေါင်းထဲဝင်တဲ့မသာ. . . (မှန်ပါ့)၊ သူက မသာ ဘယ်နှစ်မျိုးပြသလဲ. . . (နှစ်မျိုးပါ ဘုရား)၊ ရှင်မသာ တစ်မျိုး၊ သေမသာ. . . (တစ်မျိုးပါဘုရား)။

ဘယ်မသာ ကြိုက်ကြသလဲ. . . (ဘယ်မသာမှ မကြိုက်ပါ)၊ တော်ပြီ. . . တော်ပြီ၊ ဒါလောက်ဆိုရင် ခင်ဗျား တို့ အတော်ပါးလာပြီ၊ အတော်ပါးလာပြီ၊ ဒီပါးလာတာကို ဘုန်းကြီးက သိပ်ဝမ်းသာပါတယ်၊ ဩော်. . . ရှင်မသာ မကြိုက်တော့ဘူးဆိုတော့ လူ့ဘဝ သူမကြိုက်တော့ဘူး. . . (မှန်ပါ့)၊ နတ်ဘဝကော. . . (မကြိုက်ပါဘုရား)။

သေမသာတော့ လူတိုင်း မကြိုက်တာ ဟုတ်ပါတယ်၊ အခု ရှင်မသာကိုမကြိုက်ဘူးဆိုတဲ့ စကားတစ်လုံးကို ဘုန်းကြီးတို့ တရားတစ်ပွဲလုံးသုံးလိုက်တဲ့အတွက် အလွန် ဝမ်းသာပါတယ်. . . (မှန်ပါ့ဘုရား)။

ခန္ဓာထဲမှာ ထွက်လာသရွေ့ ဒကာ,ဒကာမတို့ ခန္ဓာမှာ ထွက်လာတာ၊ နှာခေါင်းက ထွက်လာတာလဲ အသုဘပဲ ထွက်တယ်...(မှန်ပါ့)၊ ပါးစပ်က ထွက်လာတာလဲ ... (အသုဘပါပဲ)၊ နားက နားဖာချေးတွေ ထွက်လာတာကော ...(အသုဘပါပဲ)၊ ကိုယ်က ချွေးတွေထွက်လာတာကော ...(အသုဘပါပဲ)၊ အောက်ဒွါရက ကျင်ကြီးတွေ ထွက်လာတာကော...(အသုဘပါပဲ)၊ ကျင်ငယ်ပေါက်က ကျင်ငယ်တွေ ထွက်လာတာကော...(အသုဘပါပဲဘုရား)။

ဩော်...နဂိုရှိလို့ နဂိုင်းထွက်လာတယ်...(မှန်ပါ့)၊ ဘယ်လိုဆိုကြပါ့မယ်...(နဂိုရှိလို့နဂိုင်းထွက်လာတာပါဘုရား)၊ နဂိုရှိလို့ နဂိုင်းထွက်လာတယ်ဆိုတာ အဲဒါက ဒကာ, ဒကာမတို့ သွားရင်းလာရင်းဖြစ်ရတဲ့ ရှင်မသာ...(မှန်ပါ့)၊ ရိပ်မိကြပလား...(ရိပ်မိပါပြီ)၊ အသုဘပေါ့ဗျာ...(မှန်ပါ့)။

## သေမသာကို ရှင်မသာကပို့တယ်

ခင်ဗျားတို့က ကျုပ်,ဒီနေ့ ဘယ်ကစာကလေး ရောက်နေတယ်၊ အသုဘဖိတ်တာနဲ့ အဲဒါက သေမသာ သွားကြတာ...(မှန်ပါ့)၊ သေမသာ ဘယ်သူသွားပါလိမ့်ဆိုတော့ ရှင်မသာကပို့တယ်...(မှန်ပါ့)၊ ရှင်မသာက ပို့တယ်၊ သေမသာကို...(ရှင်မသာကပို့ပါတယ်ဘုရား)။

ခင်ဗျားတို့က လမ်းမှာပြောသွားတာပဲ၊ သူနဲ့ ကျုပ်တို့နဲ့ဟာ ရှေ့သွားနောက်လိုက်ပါပဲ၊ မပြောကြဘူးလား. . . (ပြောပါတယ်ဘုရား)၊ သူနဲ့ကျုပ်တို့ဟာ ဘာတဲ့. . . (ရှေ့သွားနောက်လိုက်ပါပဲဘုရား)။

ဘာဖြစ်လို့ သူ ဒီအသံ သုံးလာသတုံးဆိုတာကြည့်၊ ရှင်မသာကို သဘောမကျတော့ဘူး၊ ဟိုသေမသာကိုသာ လှမ်းပြောနေတာ. . . (မှန်ပါ့)။

အခုတော့ဖြင့် ဘုန်းကြီးကပဲ ထိုးထိုးထွင်းထွင်း ပြောလိုက်တဲ့အတွက် ဒကာ,ဒကာမတို့၊ ရှင်တဲ့အခါလည်း ခန္ဓာကိုယ်ထဲက ဘာတွေများ ထွက်လာသတုံး၊ သုဘ ထွက်လာသလား၊ အသုဘထွက်သလား. . . (အသုဘ ထွက်ပါတယ်ဘုရား)။

## ကိုယ့်အလောင်းကိုယ်ထမ်းနိုင်သေးတယ်

ကဲ. . . အဲဒါ ဘာမသာ ခေါ်ကြမလဲ. . . (ရှင်မသာ ခေါ်ပါတယ်ဘုရား)၊ ရှင်မသာတဲ့နော်. . . (မှန်ပါ့)၊ ရှင်မသာဆိုတော့ ကိုယ့်အလောင်းကိုယ် ထမ်းသွားနိုင်သေးတာပေါ့ဗျာ. . . (မှန်ပါ့)၊ သေမသာကတော့ ကိုယ့်အလောင်းကို မထမ်းနိုင်ဘူး. . . (မှန်ပါ့)၊ ဒါ–ထူးခြားတယ်. . . (မှန်ပါ့)။

ရှင်မသာကတော့. . . (ကိုယ့်အလောင်းကိုယ် ထမ်း

နိုင်ပါတယ်)၊ သေမသာကတော့ (ကိုယ့်အလောင်းကိုယ် မထမ်းနိုင်ပါ)၊ သူများထမ်းပိုးထွက်တယ်. . .(မှန်ပါ့)၊ အဲဒါ ကလေးပဲ ထွက်တယ်၊ ဒီပြင် ဘာထူးကြသေးသလဲ. . . (ဘာမှမထူးပါ)၊ ပေါ်ကြပလား. . .(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သေမသာကလည်း ဘာသစ္စာ. . .(ဒုက္ခသစ္စာ ပါ)၊ ရှင်မသာကလည်း. . .(ဒုက္ခသစ္စာပါ)၊ ဒါကြောင့် တစ် တန်းတည်းဟောနေတာ. . .(မှန်ပါ့)၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)၊ ဒါဖြင့် ဒကာ,ဒကာမတို့၊ ဘယ်မသာဖြစ် ရလို့ရှိရင် ကောင်းပါ့မလဲ. . .(ဘယ်မသာမှ မကောင်းပါ ဘုရား)၊ ဟုတ်ကဲ့လား ခင်ဗျားတို့၊ ခင်ဗျားတို့က ရှင်မသာ ကြိုက်တွေ ထင်သနော်။

## ဘယ်မသာမှမကြိုက်ဘူး

သေသေချာချာ စဉ်းစားရင် ဦးခင်မောင် ဘယ် မသာကြိုက် ဖြစ်နေသတုံး. . .(ဘယ်မသာမှ မကြိုက်ပါ ဘုရား)၊ ဘယ်မသာမှမကြိုက်ဘူး၊ ဒီပွဲထဲမှာတော့ ခင်ဗျား တို့က တော်တော်ကလေးကို ရင့်နေပြီ၊ အပြင်ဘက်ကျမှ ဖောက်ပြန်တာ သူ့ဟာက. . .(မှန်ပါ့ဘုရား)။

ကိုင်း. . .ဒကာ,ဒကာမတို့၊ ကိုယ့်ခန္ဓာကြီးကဖြင့် ဘယ်အချိန်မှာတွေးတွေး အသုဘမပြတဲ့ အချိန်ရယ်လို့

ရှိရဲ့လား. . . (မရှိပါဘုရား)၊ ရှုရင်းမတွေ့နဲ့ ပြနေတာလည်း သုဘပြသလား၊ အသုဘပြသလား. . . (အသုဘပြပါတယ် ဘုရား)။

မျက်စိက ထွက်ပြလိုက်လည်း အသုဘ၊ နားကထွက် ပြလိုက်လည်း အသုဘ၊ နှာခေါင်းကထွက်ပြလိုက်လည်း အသုဘ၊ လျှာကထွက်ပြတာကော (အသုဘပါပဲ)၊ ကိုယ် က ထွက်ပြတာကကော (အသုဘပါပဲ)၊ ခြောက်ဒွါရက ထွက်ပြတာကော. . . (အသုဘပါပဲဘုရား)၊ တစ်ကိုယ်လုံးက ထွက်ပြတာ. . . (အသုဘပါဘုရား)။

ဒါကြောင့် ဒကာ,ဒကာမတို့ ချေးဘယ်ဈေးနဲ့ ရောင်း ကြမတုံးလို့ ဘယ်သူကများ ဆစ်သတုံးဗျ၊ ဆစ်သေးရဲ့လား . . . (မဆစ်ပါ)၊ ချေးဘယ်ဈေးနဲ့ရောင်းကြမတုံးဆိုတာ ဘယ် သူကများ ဆစ်သေးသတုံး. . . (မဆစ်ပါဘုရား)။

## ကျုပ်ကိုဘာမှတ်လို့တုံး

အသုဘမို့ မဆစ်တာ (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဘာ့ကြောင့်မဆစ်ပါလိမ့်. . . (အသုဘမို့ပါဘုရား)၊ ဒါဖြင့် လူရှင် အဖိုးတန်တယ် ခင်ဗျားတို့က. . . (မတန်ပါ ဘုရား)၊ ကျုပ်ဘာမှတ်လို့တုံး၊ လူကုံထံထဲက၊ အံမာ တော်တော် ဈေးမြှင့်ထားတာနော်၊ မမြှင့်ဘူးလား ခင်ဗျားတို့

. . . (မြင့်ပါတယ်ဘုရား)။

မြင့်သာမြင့်တယ်တဲ့၊ ဘယ်သူက ဈေးပေးဝယ် သတုံးမေးရင်. . . (ဘယ်သူကမှ မဝယ်ပါ)၊ ဘယ်သူမှ မဝယ် ဘူး၊ ဒါဖြင့် ခင်ဗျားတို့ဟာ ခင်ဗျားတို့ အရှုံးမြင့်မြင့်နေတာ ပေါ့. . . (မှန်ပါ့ဘုရား)၊ ဒီအဓိပ္ပာယ်ကော မကျဘူးလား. . . (ကျပါတယ်)၊ သဘောပါကြရဲ့လား. . . (ပါ,ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ,ဒကာမတို့၊ ဒီခန္ဓာ ဘယ်ကလာပါ လိမ့်. . . (တဏှာက လာပါတယ်)၊ ဩော်. . . တဏှာက လုပ်တာသည် အသုဘ ဒုက္ခသစ္စာပဲ လုပ်ပါတယ်. . . (မှန်ပါ့ ဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)၊ တဏှာက လုပ်လိုက် တာဟူသရွေ့. . . (အသုဘဒုက္ခသစ္စာပဲ လုပ်ပါတယ်ဘုရား)။

အသုဘ ဒုက္ခသစ္စာမို့ ဒကာ,ဒကာမတို့ သူကနေပြီး ဒီဘက်မှာ ဇရာ၊ ဗျာဓိ၊ မရဏတွေနဲ့ပဲ လမ်းမဆုံးရဘူး လား. . . (ဆုံးရပါတယ်ဘုရား)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ)၊ ဒါဖြင့် ဒကာ,ဒကာမတို့၊ ဒီတဏှာကို သတ်ရမယ်. . . (မှန်ပါ့)၊ ဒီတဏှာရှိနေရင် ကျုပ်တို့ကို ရှင်မသာလုပ်မယ်. . . (မှန်ပါ့ ဘုရား)။

## တဏှာရှိရင် ဘာလုပ်မယ်ထင်သတုံး

ဒီတဏှာရှိနေသရွေ့ ကာလပတ်လုံး. . . (ရှင်မသာ၊

သေမသာလုပ်ပါမယ်ဘုရား)၊ ဦးဖံရင် တဏှာရှိနေရင် ဘာလုပ်မယ်ထင်ကြသတုံး. . . (ရှင်မသာ၊ သေမသာလုပ်ပါမယ်ဘုရား)၊ ကျုပ်တို့ကို ကျက်သရေမင်္ဂလာထဲ သွင်းပေးသလား၊ ကျက်သရေမင်္ဂလာမရှိတဲ့ဘက် ပို့နေသလား. . . (ကျက်သရေမင်္ဂလာမရှိတဲ့ဘက် ပို့နေပါတယ်ဘုရား)။

ဒါဖြင့် တဏှာ ကျေးဇူးတင်စရာလား၊ ဒကာ,ဒကာမတို့ ခြေကန်ထုတ်စရာလား. . . (ခြေကန်ထုတ်စရာပါဘုရား)၊ ဒါ့ကြောင့် တဏှာကို ပဟာတဗ္ဗကိစ္စနဲ့ ပယ်ရမယ်၊ ပဟာတဗ္ဗကိစ္စနဲ့ ပယ်ရမယ်လို့ဟောတာ ဒကာ,ဒကာမတွေရဲ့ မပယ်လို့ရှိရင် ရှင်မသာ သေမသာ လုပ်မှာစိုးလို့ ဘုရားဒါလောက်ဟောတာ. . . (မှန်ပါ့ဘုရား)၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။

တဏှာမပယ်နိုင်တဲ့ပုဂ္ဂိုလ်သည် ဘာနဲ့နေရမယ်ထင်သတုံး. . . (ရှင်မသာ၊ သေမသာနဲ့နေရပါမယ် ဘုရား)၊ ရှင်မသာနဲ့ သေမသာလည်း အားလုံး ဒကာ,ဒကာမတွေ ကွဲကြပလား. . . (ကွဲကြပါပြီဘုရား)။

**ကိုယ့်အလောင်းကိုယ်ထမ်းနိုင်တာသည် ရှင်မသာ**

ကိုယ့်အလောင်းကိုယ် ထမ်းနိုင်တာသည်. . . (ရှင်မသာပါဘုရား)၊ သူများထမ်းပို့တာသည်. . . (သေမသာပါ

ဘုရား)၊ ဘယ်မသာကြိုက်သတုံး. . . (ဘယ်မသာမှ မကြိုက်ပါဘုရား)။

တော်လာပြီ. . . တော်လာပြီ ခင်ဗျားတို့၊ ဒီတရားပွဲအတော်ကို တော်လာပြီ၊ နဂိုက ရှင်မသာ သိမှမသိဘဲကိုး. . . (မှန်ပါ့)၊ အခုတော့ဖြင့် ရှင်မသာ သိသာအောင်လို့ ဘုန်းကြီးက ဒွါရကိုးပေါက်က ထွက်တာတွေ ပြောလိုက်တော့ သုဘတွေထွက်သလား. . . အသုဘတွေထွက်သလား . . . (အသုဘတွေ ထွက်ပါတယ်ဘုရား)။

အသုဘတွေ ထွက်တယ်ဆိုကတည်းကိုက ဩော်. . . ဒါဖြင့် နဂိုရှိလို့ နဂိုင်းထွက်လာတာပဲဆိုတာ မရှင်းဘူးလားဗျာ. . . (ရှင်းပါတယ်ဘုရား)၊ ကောင်းပြီ၊ အဲဒါ ဒွါရကိုးပေါက်ကထွက်တဲ့ဉစ္စာ ဘယ်ဈေးနဲ့ ဘယ်သူက ကံထရိုက်ခံသတုံး. . . (ဘယ်သူကမှ ကံထရိုက်မခံပါဘုရား)။

ဘာဖြစ်လို့ပါလိမ့်. . . (အသုဘမို့ပါ)၊ အသုဘဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)၊ ဒီအသုဘဖြစ်ခဲ့လို့ရှိရင် ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ သေချာကြပလား. . . (သေချာပါပြီဘုရား)။

## ရှင်မသာ၊ သေမသာလုပ်ပါတယ်

သေချာပါပြီ. . . တဲ့၊ ဒါဖြင့် တဏှာသည် ဘာကို

လုပ်ပါလိမ့်မလဲလို့မေးရင် ဘယ့်နှယ်ဖြေကြမလဲ... (ခန္ဓာကို လုပ်ပါတယ်)၊ ဒါပဲ ကြမ်းကြမ်းပြောတော့ ဦးခင်မောင်ရေ၊ ရှင်မသာ၊ သေမသာလုပ်တာ...(မှန်ပါ့ဘုရား)။

ဒကာ,ဒကာမတို့ ကြမ်းကြမ်းပြောတော့...(ရှင်မသာ သေမသာလုပ်ပါတယ်ဘုရား)၊ အမှန်ပြောတော့ ဒါပဲရ တယ်...(မှန်ပါ့)၊ အမှန်ပြောတော့ သူဘာလုပ်ပါလိမ့်... (အသုဘလုပ်ပါတယ်)၊ အသုဘက ဒုက္ခသစ္စာဆိုတာ သေချာ ပလား...(သေချာပါပြီ)။

ကိုင်း...ဒါဖြင့် ဒီတဏှာ မပြတ်သရွေ့ ကာလ ပတ်လုံး သူသည် ကျုပ်တို့ကို ဘာတွေချည်း တည်ထောင် ပေးသလဲလို့ သေသေချာချာ မေးတော့မှ ဒကာဝ ရိပ်မိ လောက်ပါပြီ...(မှန်ပါ့)၊ ရှင်မသာ၊ သေမသာမှတစ်ပါး သူ ဘာမှ မလုပ်တတ်ဘူး...(မှန်ပါ့ဘုရား)၊ ရှင်းပလား...(ရှင်း ပါပြီဘုရား)။

## ဒုက္ခသစ္စာပဲ လုပ်တတ်တယ်

သမုဒယသစ္စာ တဏှာလောဘသည် ဘာလုပ်တတ် ပါလိမ့်...(ရှင်မသာ၊ သေမသာပဲ လုပ်တတ်ပါတယ် ဘုရား)၊ ဒါဖြင့် ရှင်မသာ၊ သေမသာဆိုတဲ့ ဒုက္ခသစ္စာပဲ ဦးခင်မောင်ရေ သူလုပ်တတ်တယ်...(မှန်ပါ့)၊ သူ့ကို လက်သပ်မွေးလို့

တော်ပါ့မလား...(မတော်ပါ)၊ မတော်လို့ ရှိရင်ဖြင့် သူ့ကိုပယ်ရလိမ့်မယ်နော်...(မှန်ပါ့ဘုရား)။

ပယ်တဲ့အခါကျလို့ရှိရင်ဖြင့် သူဘယ်မှာ အမြစ်တွယ်နေသတုံးဆိုတဲ့စကား မေးရတော့မယ်...(မှန်လှပါဘုရား)။ သဘောကျပလား...(ကျပါပြီ)၊ ဒီတဏှာအမြစ်ဟာ ဘယ်မှာတွယ်နေသတုံးဆိုတာ မေးတဲ့အခါကျတော့မှ ခင်ရာ မင်ရာ တွယ်နေတယ်...(မှန်ပါ့ဘုရား)။

ဘယ်မှာလဲ...(ခင်ရာ မင်ရာမှာ တွယ်နေပါတယ်)၊ ခင်ရာ မင်ရာမှာ တွယ်နေတယ်ဆိုတာ သေချာပလား...(သေချာပါပြီ)၊ အေး...သေချာပြီ၊ သေချာပြီ။

ဒါဖြင့် ဒကာ,ဒကာမတို့၊ လေးချက်ကလေး တစ်ခုတော့ စေ့သွားပါပြီ၊ စေ့သွားငြားသော်လည်း ဒကာ,ဒကာမတို့၊ အကြောင်းအကျိုးဆက်ကြဦးစို့နော်...(မှန်ပါ့)၊ အို,နာ,သေ ဘယ်ကလာပါလိမ့်...(ခန္ဓာငါးပါးက လာပါတယ်)၊ ခန္ဓာငါးပါးက လာပါတယ်။

ခန္ဓာငါးပါးက ဘာသစ္စာ...(ဒုက္ခသစ္စာပါဘုရား)၊ အေး သို့သော် သူက သမုဒယသစ္စာ...(မှန်ပါ့)၊ အို,နာ,သေက (ဒုက္ခသစ္စာပါ)၊ ရှင်းပြီနော်...(မှန်ပါ့)၊ ခန္ဓာငါးပါးက အကြောင်းကိုဗျ၊ ခန္ဓာငါးပါးကြောင့် အို,နာ,သေဖြစ်ရတယ်...(မှန်ပါ့)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

**ကျင့်နိုင်တဲ့အကျင့်က မဂ္ဂသစ္စာ**

ဟ. . . ဒါဖြင့် သူတို့နှစ်ခုမရှိအောင် ကျင့်နိုင်တဲ့ အကျင့်ဟာ ဘာသစ္စာ. . . (မဂ္ဂသစ္စာပါ)၊ နှစ်ခုစလုံးမရှိရင် ဘာသစ္စာတုံး. . . (နိရောဓသစ္စာပါဘုရား)။

**တဏှာက သမုဒယသစ္စာ**

ဩော်. . . ဒီလို သစ္စာ သိသိသွားစမ်းပါကွာတဲ့၊ ဘုရားက ဒီလို သုံးသပ်စမ်းပါတဲ့၊ ကိုယ့်ကိုယ်ကို သုံးသပ်ရမှာနော်. . . (မှန်ပါ့)၊ သဘောပါကြပါလား. . . (ပါ,ပါပြီ)၊ ကိုင်း ဒါဖြင့် ဒကာ,ဒကာမတို့၊ ခန္ဓာဘယ်သူက တည်ထောင်ပါလိမ့်. . . (တဏှာက တည်ထောင်ပါတယ်ဘုရား)။

**ခန္ဓာကဒုက္ခသစ္စာ**

ဒါဖြင့် တဏှာက ဘာသစ္စာ. . . (သမုဒယသစ္စာပါဘုရား)၊ ခန္ဓာက. . . (ဒုက္ခသစ္စာပါဘုရား)၊ သူတို့နှစ်ခုမရှိအောင် ကျင့်တဲ့အကျင့်က. . . (မဂ္ဂသစ္စာပါဘုရား)၊ နှစ်ခုစလုံးမရှိတာက. . . (နိရောဓသစ္စာပါဘုရား)။

ဩော်. . . ဒီလိုသွားရပြီးမှာ ဦးခင်မောင်ရေ. . . (မှန် ပါ့)၊ ဒီလိုသုံးသပ်ပြီး သစ္စာဆိုက်အောင် သွားလိုက်စမ်းပါ လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူပါတယ်. . .

(မှန်ပါ့)၊ ကိုင်း. . . ဒီတဏှာ ဘယ်ကလာပါလိမ့်. . (ခင်ရာ မင်ရာကလာပါတယ်ဘုရား)။

အဲ. . . ခင်ရာမင်ရာဆိုတော့ ပါဠိတော်အတိုင်း ပြောကြစို့ဆိုတော့ စက္ခု သောတ ဃာန ဇိဝှာ ကာယ မန ကလာတယ်. . . (မှန်ပါ့)၊ စက္ခု သောတ ဃာန ဇိဝှာ ကာယ မနက လာတယ်နော်. . . (မှန်ပါ့ဘုရား)။

သို့သော် မကပါဘူး ဒကာ,ဒကာမတို့၊ သတိပဋ္ဌာန် ပါဠိတော်နဲ့ ကြည့်လိုက်မယ် ဆိုလို့ရှိရင်ဖြင့် "စက္ခုလောကေ သောတံလောကေ ဃာနံလောကေ ဇိဝှာလောကေ ကာယောလောကေ မနောလောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာတဏှာ" တချို့နေရာကျတော့လည်း ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သစ္စာနေရာကျတော့ ရူပါလောကေ သဒ္ဒါလောကေနဲ့ လာပြန်တော့ ဩော်. . . ဒီဥစ္စာသည် တခြား မဟုတ်ဘူး၊ ခင်ရာ မင်ရာက လာတာပဲဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

## ခင်ရာ မင်ရာဖြတ်နိုင်ရင် တဏှာဖြတ်မယ်

ဒါဖြင့် ဒီတဏှာရေသောက်မြစ်သည် ဘယ်မှာ တွယ်နေသတုံး. . . (ခင်ရာ မင်ရာမှာ တွယ်နေပါတယ်)၊ ဒါဖြင့် ခင်ရာမင်ရာကို ကျုပ်တို့က ဖြတ်နိုင်လို့ရှိရင်ဖြင့် တဏှာ

ပြုတ်မယ် . . . (မှန်ပါ့)၊ ခင်ရာမင်ရာကို ဝိပဿနာအလုပ် လုပ်နိုင်ရင် . . . (တဏှာပြုတ်ပါမယ်)၊ တဏှာပြုတ်မယ်၊ တဏှာပြုတ်ရင် ဒီဘက်က ခန္ဓာကော (ပြုတ်ပါတယ်ဘုရား)၊ ဒီခန္ဓာပြုတ်ရင် အို၊ နာ၊ သေနဲ့ ကျုပ်တို့ အိုးစားကွဲသွားမယ် . . . (မှန်ပါ့ဘုရား)။

## တဏှာပြုတ်ရင် ခန္ဓာပြုတ်မယ်

အို၊ နာ၊ သေနဲ့ ကွဲ၊ မကွဲ စဉ်းစားမိပလား . . . (ကွဲပါတယ်)၊ တဏှာပြုတ်လို့ရှိရင် ဘာတဲ့တုံး . . . (ခန္ဓာပြုတ်ပါ တယ်)၊ အဲ . . . ခန္ဓာကပြုတ်မယ်၊ ခန္ဓာပြုတ်ရင် . . . (အို၊ နာ၊ သေနဲ့ အိုးစားကွဲပါတယ်)။

ဒါဖြင့် ကျုပ်တို့သည် ပြုတ်တဲ့ဉာဏ်ကို ကျုပ်တို့ ရမှသာလျှင် ဒကာ၊ ဒကာမတို့၊ တဏှာအမြစ်ကို ဖြတ်နိုင် မယ်၊ တဏှာအမြစ် တွယ်ရာဌာနကို ကျုပ်တို့ဖြတ်ရမယ် . . . (မှန်ပါ့ဘုရား)။ သဘောကျပလား . . . (ကျပါပြီ)၊ တဏှာ အမြစ် တွယ်ရာဌာနကို မဖြတ်ခဲ့လို့ရှိရင် တော်ပါ့မလား . . . (မတော်ပါဘုရား)။

ကိုင်း . . . ဒါဖြင့် တဏှာအမြစ်တွယ်ရာ ဌာနကို ကျုပ်တို့ အကြီးအကျယ် ဖြတ်ကြစို့ရဲ့နော် . . . (မှန်ပါ့)၊ ဒါ ကြောင့် ဒကာ၊ ဒကာမတို့၊ တဏှာအမြစ်တွယ်တဲ့နေရာ ဒီပါဠိတော်

မှာတော့ ခြောက်နေရာပြတယ်၊ တချို့နေရာကျတဲ့ အခါ ကျတော့ ဒကာ,ဒကာမတို့ အားလုံးအကုန်ပဲ ပြလိုက်တယ်၊ လောကီ ခန္ဓာငါးပါးစလုံး ပြလိုက်တယ်နော်. . . (မှန်ပါ့)။

သို့သော် ဒီနေရာ သမ္မသနသုတ်မှာတော့ ဘုရားက ခြောက်နေရာပဲ ပြပါတယ်၊ ခြောက်နေရာပဲပြသော်လည်း ဒကာ,ဒကာမတွေက စဉ်းစားလိုက်၊ စက္ခု သောတ ဃာန ဇိဝှာ ကာယ မန ဆိုတော့ ဒါတွေက ရုပ်တွေ မဟုတ်ဘူး လားဗျာ. . . (မှန်ပါ့ဘုရား)။

ကဲ. . . ဒါတွေကရုပ်၊ ဒီဘက်က မနဆိုတဲ့နာမ် မနေ ဘူးလား၊ (မှန်ပါ့ဘုရား)၊ မနဆိုတာ စိတ်ပေါ့ဗျာ. . . (မှန်ပါ့)၊ စိတ်ဆိုလို့ရှိရင် ယှဉ်ဖော်ယှဉ်ဖက် စေတသိက်နဲ့ ခွဲလို့ရပါ့ မလား. . . (မရပါဘုရား)။

ဩော်. . . ဒီက နာမက္ခန္ဓာလေးပါး၊ သူက ရူပက္ခန္ဓာ လို့ဆိုလိုက်တော့ ရုပ်နာမ်ပြန်ရတယ်. . . (မှန်ပါ့ဘုရား)၊ ဘာရ ပါလိမ့် (ရုပ်နာမ်ပြန်ရပါတယ်ဘုရား)၊ အင်း. . . အခု တရား နာနေကြတာ ဘယ်သူတွေပါလိမ့်. . . (ရုပ်နာမ်တွေပါဘုရား)၊ သဘောပါကြပလား. . . (ပါ,ပါပြီဘုရား)။

ရုပ်,နာမ်ပဲ ရှိရမှာပဲ. . . (မှန်ပါ့)၊ ဒါဖြင့် ဒီရုပ်နာမ်ကို ခုနက ပါဠိတော်က ခုနက ဘုန်းကြီး သံပေါက်ကလေးချ ပြီး သံပေါက်ကလေး ချပေးလိုက်တုန်းက ဒကာ,ဒကာမ တွေက

ဒီရုပ်နာမ်ကို လွန်စွာအားထုတ် နာမ်နဲ့ရုပ်ကို နာမ်ရုပ်တော့တွေ့ပြီ (မှန်ပါ့)၊ မတွေ့သေးဘူးလား. . . (တွေ့ ပါပြီဘုရား)။

## ဖြစ်ချုပ်မြင်အောင် ကြည့်ရလိမ့်မယ်

ဘယ်လိုမြင်အောင် လုပ်ရမတုံး. . . (ဖြစ်ချုပ် ဉာဏ်မြင်ပါတယ်ဘုရား)၊ ဖြစ်ချုပ်ဉာဏ်မြင်၊ သူတို့၏ ဖြစ်တာချုပ်တာကို မြင်အောင်ကြည့်ရလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဖြစ်ချုပ်ဉာဏ်မြင့်ဆိုတော့ ဤငါးအင်အမှန်ပင် မဂ်ရကြောင်းဆိုတဲ့ဥစ္စာ သူ့လက်ာနဲ့ သူ့ဖြစ်စဉ်နဲ့တော့ တို့နာမ်ရုပ်တော့ တွေ့ပြီ၊ ဒီနာမ်ရုပ်ကို ဖြစ်ချုပ်မြင်အောင် လုပ်ရလိမ့်ဦးမယ်. . . (မှန်ပါ့ဘုရား)။

## ကြာကြာမြင်ရင် တဏှာသေပါလိမ့်မယ်

နာမ်ရုပ်ကို. . . (ဖြစ်ချုပ်မြင်အောင် လုပ်ရပါလိမ့်ဦးမယ်)၊ မလျှော့ကြနဲ့နော်၊ ဒကာ,ဒကာမတွေ ကြာကြာမြင်လို့ရှိရင် ဟောဒီတဏှာ သေပါလိမ့်မယ်၊ ဒီတဏှာသေရင် ဒီခန္ဓာရပ့်ါမလား. . . (မရပါဘုရား)။

ဒီခန္ဓာမရလို့ရှိရင် ဒီ အို,နာ,သေနဲ့ ကျုပ်တို့ အိုးစားကွဲပါပြီ. . . (ကွဲပါပြီ)၊ မကွဲပါနဲ့ဆိုလို့ရမလား. . . (မရပါဘုရား)၊ အခုတော့ဖြင့် ဒကာ,ဒကာမတွေက ဒီနေရာကနေ ရပ်တဲ့

ပြီး သကာလ ကျုပ် အိုရတော့ ဒီသား၊ ဒီသမီးနဲ့ ကြောက်သေးတယ်၊ အိုရမှာ ကြောက်သေးသတဲ့...(မှန်ပါ့)။

ဒီခန္ဓာကြီးနဲ့ရပ်ပြီးတော့...(မှန်ပါ့)၊ ဒီခန္ဓာကြီးနဲ့ ဒကာသစ်တို့ကော ဒီသား၊ ဒီသမီးတွေနဲ့ ခေတ်ပေါ်တွေနဲ့တော့ ခက်ပါသေးတယ်၊ ဘာတုံး ဒီခန္ဓာ မြင်ပြီးသကာလ သူက ဘာကြောက်နေတာတုံး...(အိုရမှာ ကြောက်တာပါဘုရား)။

အိုရမှာ ကြောက်လှချေရဲ့၊ နာမှာကော...(ကြောက်လှချေရဲ့)၊ သေမှာကော...(ကြောက်လှချေရဲ့)၊ မကြောက်နဲ့တော့ ဒကာ,ဒကာမတို့၊ တွေ့ရမှာပဲ...(မှန်လှပါဘုရား)။

တွေ့တာလည်း ဘာဖြစ်လို့ တွေ့တာတုံးဆိုတော့ ကံမကောင်း အကြောင်းမသင့်လို့ တွေ့ရတာလား ကိုယ့်ဆုတောင်းနဲ့ ကိုယ်တွေ့ရတာလား...(ကိုယ့်ဆုတောင်းနဲ့ ကိုယ်တွေ့ရတာပါဘုရား)။

ဟောဒီတဏှာက ခန္ဓာဖြစ်ရပါလို၏...ဆိုလို့ ဒါတွေက ငါလိုက်ခဲ့ဦးမယ်ဆိုပြီး လိုက်လာတာ...(မှန်လှပါဘုရား)။ သဘောကျပလား...(ကျပါပြီဘုရား)။

တဏှာက ခင်ဗျားတို့က လူဖြစ်ရပါလို၏ဆိုတော့ ခန္ဓာငါးပါးမရဘူးလား...(ရပါတယ်)၊ ခန္ဓာငါးပါးရတော့ ဇရာ ဗျာဓိ၊ မရဏ ဘာတဲ့တုံး...(လိုက်ပါတယ်ဘုရား)၊ ငါ

လိုက်ခဲ့ဦးမယ်. . . (မှန်ပါ့)၊ ခင်ဗျားတို့က ငါလိုက်ခဲ့ဦးမယ် လို့ မမြင်တော့ ဒါကလေးတင် တောင်းထားတယ်. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဇာတ်ပွဲကြည့်ရသလိုပဲ

ဒါဖြင့် ခင်ဗျားတို့သည် ဇာတ်ကြည့်သလိုပဲ၊ နှစ်ပါးသွားသာကြည့်ပြီး ကြေကွဲခန်း မကြည့်သလို ဖြစ်နေတယ် . . . (မှန်လှပါဘုရား)၊ ဟင်. . . ကြေကွဲခန်းကြည့်လည်း ခင်ဗျားတို့ သံဝေဂရမယ့်လူတွေလည်း မဟုတ်ပါဘူး. . . (မှန်လှပါဘုရား)။

ကြေကွဲခန်းအရသာ ကြေကွဲခန်းများ သူတို့ချီးမွမ်းတာ နားထောင်လိုက်တော့ အငိုကောင်းတယ်လို့တောင် ချီးမွမ်းလိုက်သေးတယ်. . . (မှန်လှပါဘုရား)။

အငိုဆိုတာ မကောင်းပါဘူးဆိုတာ ဘယ်သူငိုတာ ခင်ဗျားတို့ ကြိုက်သတုံး. . . စဉ်းစားကြည့်စမ်းပါ၊ အဲဒါ အငိုကောင်းတယ်ဆိုတာ ခင်ဗျားတို့မှို ကြဲဖန်ကောင်းတာ တော့ မတတ်နိုင်ဘူး ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အငိုဟ ကျက်သရေ မရှိတာလား၊ ကျက်သရေ ရှိတာလား. . . (ကျက်သရေ မရှိတာပါဘုရား)၊ အဲဒါ ခင်ဗျားတို့က ဘယ်လိုချီးမွမ်းသလဲ. . . (အငိုကောင်းတယ်လို့)။

အင်း. . . ကိုယ်ကိုယ်တိုင် ငိုကြည့်ဦး။ ဒါဖြင့် ကိုယ်ကိုယ်တိုင် ငိုကြည့်တော့ ကောင်းလို့ငိုတာလား၊ ဆိုးလို့ငိုတာလား. . . (ဆိုးလို့ငိုတာပါဘုရား)။

အဲဒီတော့ အငိုဆိုတာ ဘယ်သူမှ မကောင်းဘူး ဆိုတာ မှတ်ရမယ်. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ အဲဒီတော့ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့်. . . တဲ့။ မျက်စိက လည်လွန်းနေတယ်လို့ ဆရာဘုန်းကြီးက စွဲချက်တင်လိုက်တယ်. . . (မှန်ပါ့ဘုရား)။

မျက်စိမလည်လွန်းဘူးလား. . . (လည်လွန်းပါတယ်ဘုရား)။ ငိုတာတောင် သဘောကျသေးတယ်ဆိုတော့ အတော်ဆိုးမနေဘူးလား. . . (ဆိုးပါတယ်ဘုရား)။

## ငိုတာတောင် သဘောကျနေတယ်

ငိုတာတောင် သဘောကျနေသေးတယ် ဆိုကတည်းက သူများငိုတာ သူတို့သဘောကျတာ ဒကာ,ဒကာမတို့၊ ဟိုမှာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿဒ္ဒိ ဒုက္ခသစ္စာကိုး . . . (မှန်ပါ့ဘုရား)၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဘာသစ္စာတုံး, . . (ဒုက္ခသစ္စာပါဘုရား)၊ ကိုယ့်ကိုယ်တိုင် သောက ပရိဒေဝတွေကော. . . (ဒုက္ခသစ္စာပါဘုရား)။

အို. . . ဒုက္ခသစ္စာပဲ၊ ကျုပ်က အတော် ကျေနပ်နေတာ(မှန်ပါ့)၊ အငိုသဘောကျတဲ့လူက. . . (မှန်ပါ့)၊ ဘာကျေနပ်နေသတုံး. . . (ဒုက္ခသစ္စာပဲ ကျေနပ်နေတာပါဘုရား)။

ဩော်. . . ဖြစ်မှဖြစ်ရပလေ၊ အဆိပ်သီးစားပြီး သကာလစားမိတာ ဝမ်းသာသလိုဖြစ်နေပြီ. . . (မှန်ပါ့ ဘုရား)၊ ဒီလောက်သေအောင်ရှုံးတယ်ဆိုတော့ ကောင်းနိုင် စရာရှိသေးရဲ့လား. . . (မကောင်းနိုင်ပါ)၊ ဒါဖြင့် နောက်တော့ ဒီအရှုံးကလေးများတော့ ဖျောက်ကြပါတော့ဆိုတော ပြောလိုက်တယ်နော်. . . (မှန်ပါ့ဘုရား)။

ကဲ. . . ဒကာ,ဒကာမတို့၊ ခင်ဗျားတို့က အတော်ခက်တာ၊ တောက ဒကာ,ဒကာမတွေ သွားပြီးသကာလ သူတို့ငိုတဲ့ အခါကျလို့ရှိရင် အို. . . သူတို့က ဖွဲ့ကာ နွဲ့ ကာ ငိုတတ်တယ်၊ တော်တော် နားထောင်ကောင်းတယ်၊ တော်တော်ခက်နေတာဗျ သူ့ဟာ မခက်ဘူးလား ခက်သလား. . . (ခက်ပါတယ်ဘုရား)။

## သစ္စာမသိတဲ့ အခိပ္ပါယ်ပေါ်နေတယ်

အဲဒါ. . . ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့်. . . တဲ့၊ သစ္စာမသိတဲ့အဓိပ္ပာယ်၊ ကိုယ့်အကြောင်း ကိုယ်ပေါ်နေတယ်. . . (မှန်လှပါ)၊ မပေါ်ကြဘူးလား. . . (ပေါ်ပါတယ်

ဘုရား)၊ ကဲ... နောက်ကိုဖြင့် ဒကာ,ဒကာမတို့၊ ၄ိုဆိုတာက ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

အဲ...ဒုက္ခသစ္စာ, ဒုက္ခသစ္စာမှန်းသာ သိပေတော့၊ ခန္ဓာရလို့ ၄ိုတာပဲ...(မှန်ပါ့ဘုရား)၊ ခန္ဓာတစ်ခုစွန့်ရလို့ ...(၄ိုတာပါဘုရား)၊ ခန္ဓာရလို့...(၄ိုတာပါဘုရား)၊ ခန္ဓာရလို့ သူ့မျက်စောင်းထိုးလိုက်လို့၊ သူ့မာန်မာနကြီးတဲ့ ပုဂ္ဂိုလ်မို့ မျက်စောင်းထိုးမခံဖူးတဲ့ပုဂ္ဂိုလ် မျက်စောင်းထိုးလို့ ၄ိုလိုက်ရတယ်ဆိုတော့လည်း ခန္ဓာကြောင့် ၄ိုတာပဲ...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)။

## ခန္ဓာကို တဏှာက တည်ထောင်တယ်

ကောင်းပြီ၊ ဒါဖြင့် ဒကာ,ဒကာမတို့၊ ဒီခန္ဓာကြီးသည် ကားလို့ ဆိုလို့ရှိရင်ဖြင့် ဘယ်သူတည်လိုက်ပါလိမ့်မတုံး ...(တဏှာတည်ထောင်ပါတယ်ဘုရား)၊ တဏှာကလည်း တည်ထောင်ချင်လို့ တည်ထောင်တာလား ဒကာ,ဒကာမ တို့၊ ခင်ရာမင်ရာမရှိဘဲနဲ့ ဒီတဏှာက ပေါ်ပါ့မလား...(မပေါ်ပါဘုရား)။

## အာရုံနှင့် အာရမ္မဏိက

ဒါဖြင့် သူက အာရုံ၊ သူက အာရမ္မဏိက၊ ပဋ္ဌာန်း

နည်းနဲ့ဆိုတော့ သူကဘာပါလိမ့်. . . (အာရုံပါဘုရား)၊ သူက ဘာပါလိမ့်. . . (အာရမ္မဏိကပါဘုရား)၊ အဲ. . . အာရုံနဲ့ အာရမ္မဏိကဖြစ်နေတော့ အာရုံကို ပြောင်းယူမှုသာလျှင် ဦးခင်မောင် တော်တော့မယ်. . . (မှန်ပါ့ဘုရား)၊ အာရုံပြောင်း ယူမှ ဘာပါလိမ့်. . . (တော်တော့မယ်)၊ တော်တော့မယ်ဆို တာ သဘောကျပလား. . . (ကျပါပြီ)။

## အာရုံကို ပြောင်းယူရမယ်

ကိုင်း၊ အာရုံကို ပြောင်းယူရမယ်ဆိုတော့ ဒကာ, ဒကာမတွေက အာရုံကိုပြောင်းယူရမယ်လို့ ဆရာဘုန်းကြီးက ပြောတော့ ဩော်. . . ဆရာဘုန်းကြီးက ပြောင်းပေးမှာ ထင် ပါရဲ့၊ ဒီလိုတော့ မယူကြပါနဲ့နော်. . . (မှန်ပါ့ဘုရား)၊ ပင်ကို, ကိုက ခင်ဗျားတို့က မျက်စိလည်နေလို့ ပြောင်းပေးရမှာ . . . (မှန်လှပါဘုရား)။

ဆရာဘုန်းကြီးက ပြောင်းရမှာလား၊ ခင်ဗျားတို့က ဝိပ္ပလ္လာသ မှောက်မှားမှုကြောင့် ပြောင်းပေးရမှာလား. . . (ဝိပ္ပလ္လာသမှောက်မှားမှုကြောင့် ပြောင်းပေးရမှာပါဘုရား)။

## ရုပ်နာမ်တရားဟာ ဖြစ်ပြီးပျက်နေတာ

ကဲ. . . ဒါဖြင့် ဝိပ္ပလ္လာသလည်း ပယ်ပြီးသားပဲ မှတ်

လိုက်တာပေါ့...(မှန်လှပါဘုရား)၊ သဘောကျပလား...
(ကျပါပြီ)၊ ဘာတဲ့လဲ...(ဝိပ္ပလ္လာသ ပယ်ပြီးသားပါဘုရား)၊
ဝိပ္ပလ္လာသလည်း ဒကာ,ဒကာမတွေက ပယ်ပြီးသားလို့
ဒကာ,ဒကာမတွေက မှတ်လိုက်ပါတော့...(မှန်ပါ့)၊ ရှင်းကြ
ပလား...(ရှင်းပါပြီ)၊ ဘာကိုပယ်မလို့ပါလိမ့်...ဝိပ္ပလ္လာသ
ပယ်မလို့ပါ)၊ ဝိပ္ပလ္လာသဆိုတာ ဖောက်ပြန်နေတာနော်...
(မှန်ပါ့)။

ဒီတရားတွေဟာ ဒကာ,ဒကာမတို့၊ ရုပ်နာမ်တွေဟာ
နာမ်တရားကြည့်လိုက်လည်း ဖြစ်ပြီးပျက်နေတာပဲ၊ ရုပ်တရား
ကြည့်လိုက်ရင်ကော...(ဖြစ်ပြီးပျက်နေတာပါပဲ)၊ ဒါ...
မသာတွေမဟုတ်ဘူးလားဗျာ...(မှန်ပါ့)။

## ခင်မင်စရာကောင်းလိုက်တာတဲ့

မွေးလိုက်၊ သေလိုက်ဆိုတာ ဘာပါလိမ့်... (မသာ
ပါဘုရား)၊ မသာတွေပဲဆိုတာ မသေချာဘူးလား...(သေ
ချာပါတယ်ဘုရား)၊ အဲဒါကလေးတွေကို ခင်ဗျားတို့က ခင်
စရာကောင်းလိုက်တာ၊ မင်စရာကောင်းလိုက်တာလို့ ဖြစ်နေ
တော့ ဒါ...ခင်ဗျားတို့က ရူးတာလားတဲ့၊ ဒီတရားတွေက
ရူးတာလားလို့မေးရင် ဘယ့်နှယ်ပြောကြမလဲ...(တပည့်
တော်တို့က ရူးတာပါဘုရား)။

အဲဒါ ရှုးတာ၊ ခင်ဗျားတို့၏ ဝိပ္ပလ္လာသ... (မှန်ပါ့)။ ရှင်းပလား...(ရှင်းပါပြီ)၊ ဝိပ္ပလ္လာသ ယနေ့ ပြင်ပေးရမယ် ... (မှန်ပါ့ဘုရား)၊ ဒကာ,ဒကာမတို့ ဘာပြင်ပေးရမလဲ (ဝိပ္ပလ္လာသ ပြင်ပေးရပါမယ်ဘုရား)။

## ဝိပ္ပလ္လာသ သုံးမျိုး

ဝိပ္ပလ္လာသ ပြင်ပေးရမယ်ဆိုတော့ ဒကာ,ဒကာမတို့ ဝိပ္ပလ္လာသ သုံးမျိုးနော်၊

(၁) သညာ ဝိပ္ပလ္လာသ၊

(၂) စိတ္တ ဝိပ္ပလ္လာသ၊

(၃) ဒိဋ္ဌိဝိပ္ပလ္လာသ၊

ဝိပ္ပလ္လာသ ဘယ်နှမျိုးပါလိမ့်...(သုံးမျိုးပါဘုရား)၊ သညာ...(ဝိပ္ပလ္လာသပါဘုရား)၊ စိတ္တ...(ဝိပ္ပလ္လာသပါဘုရား)၊ ဒိဋ္ဌိ...(ဝိပ္ပလ္လာသပါဘုရား)၊ (၂–ခေါက် ချပေးသည်)။

သြော်...ခင်ဗျား အရှုးသုံးမျိုးရှိတယ်...(မှန်ပါ့)၊ ဒကာ,ဒကာမတွေ ဘာရှိနေသလဲ...(အရှုးသုံးမျိုးရှိပါတယ် ဘုရား)၊ အရှုးသုံးချက်ကို ဒီဆရာဘုန်းကြီးနဲ့တကွ ဆရာ သမားတွေကမှ မကုတော့ဘူးဆိုလို့ရှိရင်ဖြင့် ဒကာ,ဒကာမ တို့၊ အရှုးမသာ,သာ မှတ်ကြပေတော့...(မှန်ပါ့ဘုရား)၊ ဒီမသာ ဘာမသာဆိုကြမလဲ...(အရှုးမသာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မသာတောင် ဂုဏ်ပျက်တော့ မခံကြပါနဲ့၊ အရှုံးတော့ ပျောက်အောင် လုပ်လိုက်ကြပါ. . . (မှန်ပါ့ဘုရား)၊ ရိုပ်မိပလား. . . (ရိုပ်မိပါပြီ)။

ဒါကလေးမှ မရှင်းလို့ရှိရင် ဒီမသာ ဘာမသာ ခေါ် ကြမလဲ. . . (အရှုံးမသာပါဘုရား)၊ သေသွားတဲ့အခါကျ တော့လေ. . . (မှန်ပါ့)၊ ဘာမသာချသလဲ. . . (အရှုံးမသာပါ)၊ အရှုံးမသာလိုက်ပို့တော့ ကောင်းသေးရဲ့လား. . . (မကောင်း ပါဘုရား)၊ ဒါဝိပ္ပလ္လာသ သုံးချက်နဲ့ သေသွားမယ်ဆိုရင် အရှုံးမသာဖြစ်ရတော့မယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါ ပြီ)။

ကိုင်း. . . ဒါဖြင့် ဒါကလေး ရှင်းပေးပါဦးမယ်၊ ဒီနေ့ ရုပ်နာမ်အပေါ်မှာ ခင်ဗျားတို့ အမှားကြီးမှားပြီးသကာလနေ တဲ့ အမှားချက်ကို ယနေ့ပြင်ပြီးသကာလ ပေးပါတော့မယ် ဆိုတာ သေသေချာချာ မှတ်ပါနော်. . . (မှန်ပါ)။

## (၁) အမှတ်မှား သညာဝိပ္ပလ္လာသ

ဟောဒါက ခင်ဗျားတို့ ရုပ်နာမ်ကလေး၊ ဒီရုပ်နာမ် ကလေးဟာ သားကလေးလို့ ခင်ဗျားတို့က မွေးဖွားတဲ့ ရုပ် နာမ်ကလေးကိုပင် ခင်ဗျားတို့က သားကလေးလို့ တကယ် ထင်လိုက်လို့ရှိရင်၊ တကယ့်သားပဲလို့ ထင်လိုက်လို့ရှိရင် ဒကာ,ဒကာမတို့ အမှတ်မှားဖြစ်တယ်. . . (မှန်ပါ့ဘုရား)၊ မဖြစ်

သေးဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

သားကလေး၊ တကယ့်သားကလေးဆိုရင် ဘယ့်နှယ်ဆိုကြမလဲ. . . (အမှတ်မှားပါဘုရား)၊ အဲဒါ သညာဝိပလ္လာသ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

## (၂) အသိမှား စိတ္တဝိပ္ပလ္လာသ

စိတ္တ ဝိပ္ပလ္လာသက ဒကာ,ဒကာမတို့ သားကလေးမို့ ခင်ရမှာပဲဆိုလို့ရှိရင် စိတ်က ဒုက္ခသစ္စာကိုခင်ပြီ. . . (မှန်ပါ့)၊ အသုဘကို. . . (ခင်ပါပြီ)၊ ခင်တော့ စိတ်ဘယ့်နှယ်ဖြေကြသလဲ၊ စိတ်ဖောက်ပြန်သွားတော့ စိတ္တဝိပ္ပလ္လာသ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် သားကလေးတုန်းကတော့ အမှတ်မှား. . . (မှန်ပါ့)၊ ခင်မှာဆိုတော့ အသိမှား. . . (မှန်ပါ့)၊ အားကိုးရမှာပဲဆိုတော့ အယူမှား. . . (မှန်ပါ့)၊ မြန်မာလိုပြန်ကြစို့ . . . (မှန်ပါ့)။

ဒါဖြင့် အမှတ်မှား၊ အသိမှား၊ အယူမှား ဘယ်နှမှားပါလိမ့်. . . (သုံးမှားပါဘုရား)၊ ကဲ. . . ဘုန်းကြီးကပဲ ရွတ်ပါတယ်၊ ဟောဒါကလေးဟာ ခင်ဗျားတို့ သားကလေးလို့ဆိုလို့ရှိရင် ဘယ့်နှယ်ခေါ်ကြမလဲ. . . (အမှတ်မှားပါဘုရား)။

## (၃) အယူမှား ဒိဋ္ဌိဝိပ္ပလ္လာသ

ဩော်. . . သားကလေးမို့ ခင်နေရတယ်ဆိုတော့ . . . (အသိမှားပါဘုရား)၊ အသိမှားဖြစ်သွားပြီ၊ အားကိုးရမှာပဲလို့ ယူလိုက်တော့. . . (အယူမှားပါဘုရား)။

ဩော်. . . ခက်ပြီကော၊ ခင်ဗျားတို့ အမှား ဘယ်နှ ချက်ရှိပါလိမ့်. . . (သုံးချက်ပါဘုရား)၊ အမှားသုံးချက် ရှိနေပြီ ဆိုလို့ရှိရင် ဒကာ,ဒကာမတို့ ခက်ကုန်ပြီ။

ဒါဖြင့် ဒီအမှားသုံးချက်ကို ကျော်လွန်ပြီးသကာလ၊ မှန်ပြီးသကာလ သေသွားတဲ့ပုဂ္ဂိုလ်နဲ့ အားလုံးတရားတစ်ပွဲ လုံးပဲ ဆုံးဖြတ်ချက် ချပါတော့၊ ဒီအမှားသုံးချက်နဲ့ သေ သွားတဲ့ ပုဂ္ဂိုလ်သာ များလိမ့်မယ်ဆိုရင် လွဲပါ့မလား (မလွဲ ပါဘုရား)။

ဒီအမှားသည် ဝိပ္ပလ္လာသလို့ဆိုသဖြင့် အရှုံးပဲ မဟုတ် လား. . . (မှန်ပါ့ဘုရား)၊ ဒါဖြင့် အရင်အမေတွေ၊ အဖေတွေ အလုံးစုံ အကုန်သေကုန်ကြပြီ၊ ဒါတွေ ရှင်းလင်းပြီး သွားပါ သလား၊ အရှုံးတန်းလန်းနဲ့ပဲ၊ အရှုံးမပြတ်ဘဲနဲ့ပဲ၊ အရှုံးစိတ် မဖျောက်ဘဲနဲ့ပဲ သေသွားကြသလားလို့မေးရင် ဘယ့်နှယ် ဖြေကြမလဲ. . . (အရှုံးတန်းလန်းနဲ့ သေသွားကြပါတယ် ဘုရား)။

ဒါဖြင့် အဲဒီမသာကို ဘာမသာခေါ်ကြမလဲ. . . (အရှုံး မသာပါဘုရား)၊ နို့၊ ခင်ဗျားတို့ကကော ဘယ်မသာဖြစ်ချင်

သတုံး. . . (ဘယ်မသာမှ မဖြစ်ချင်ပါဘုရား)။

ဘယ်မသာမှလည်း မဖြစ်ချင်ဘူး၊ အရှုံးတော်တော် ကို ပါးသွားပြီ၊ တော်တော်ကို နေရာကျသွားပြီ၊ အကောင်း မသာလည်းမဖြစ်ရပါစေနဲ့၊ အရှုံးမသာလည်း မဖြစ်ပါရစေနဲ့ ဆိုလို့ရှိရင် ပြီးအောင်လုပ်လိုက်ပါတော့. . . (မှန်ပါ့)၊ ပြီးအောင် လုပ်လိုက်ပါတော့။

## နေ့တိုင်းဖြစ်နေတဲ့ အမှားသုံးချက်

ကိုင်း. . . ဒကာ,ဒကာမတို့၊ ခင်ဗျားတို့အိမ်မှာ နေ့ တိုင်းဖြစ်နေတဲ့ အမှားသုံးချက်နော်. . . (မှန်ပါ့)၊ ဒီရုပ်နာမ် ကလေးဟာ မိမိရုပ်နာမ်ဖြစ်လို့ရှိရင်လည်း ဒါမိမိယောကျ်ား ပဲ၊ ငါ့ယောကျ်ားပဲလို့ ထင်လိုက်လို့ရှိရင် ဘယ့်နှယ်ဖြေကြ ပါ့မလဲ. . . (အမှတ်မှားပါဘုရား)။

အို. . . ကိုယ့်ကိုယ်ကို မထင်ရင် ဘယ်သူက ထင်ရ မှာလဲ. . . (အသိမှားပါဘုရား)၊ ကိုယ့်ကိုယ်ကိုပဲ ကျုပ်က အားကိုးတယ်. . . (အယူမှားပါဘုရား)၊ ဟော၊ ကိုယ့်ကိုယ် လည်း ဒီအတိုင်းလာတာပဲ. . . (မှန်ပါ့)၊ မလာဘူးလား. . . (လာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ,ဒကာမတို့၊ သမီးကလေးဆိုတော့ ဘယ့်နှယ်ဆိုကြမလဲ. . . (အမှတ်မှားပါဘုရား)၊ သမီးလေးမို့

ခင်နေရတာပေါ့ဆိုတော့. . . (အသိများပါဘုရား)၊ သူ့ပဲ အားကိုးနေရတယ်. . . (အယူများပါဘုရား)။

ရှိကြသေးရဲ့လား၊ ခင်ဗျားတို့ သန္တာန်မှာ ဒီသုံးချက် ရှိ–မရှိ အကဲခတ်စမ်း. . . (ရှိပါတယ်ဘုရား)၊ ဒါဖြင့် ဒါသည် ဒကာ,ဒကာမတို့ အမှန်လား၊ အမှားလား. . . (အမှားပါ ဘုရား)၊ အမှားဆိုတော့ ဝိပ္ပလ္လာသ ဖောက်ပြန်တာပေါ့ဗျာ. . . (မှန်ပါ့)။

## အရှုံးလို့ခေါ်ကြတယ်

ဖောက်ပြန်မှားယွင်းတာသည် လောကကြီးမှာ ဘယ့် နှယ်ခေါ်ကြသလဲ၊ အရှုံး. . . (မှန်ပါ့)၊ ဖောက်ပြန်တာ လောက ကြီးမှာ အရှုံးခေါ်ကြတယ်. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)။ သူက စိတ်မနှံ့ရှာဘူး။ ဖောက်ပြန်နေရှာ တယ်. . . (မှန်ပါ့)။

ခင်ဗျားတို့ကော ဘယ့်နှယ်တုံး. . . (ဖောက်ပြန်နေပါ တယ်ဘုရား၊ စိတ်မနှံ့ဘူး၊ ဒီလိုဆိုရင် မပြီးဘူးလား၊ ရိပ်မိ ပလား. . . (ရိပ်မိပါပြီ)၊ စိတ်မနှံ့ဘူးဆိုတော့ ဘယ်လို နိဂုံး ချုပ်ကြမလဲ. . . (ဖောက်ပြန်နေတယ်)၊ သဘောပါပလား . . . (ပါ,ပါပြီဘုရား)။

မယုံရင် ငိုနေတဲ့ပုဂ္ဂိုလ်သွားကြည့်၊ သားကလေး ကြောင့် ငိုနေသလား၊ သမီးလေးကြောင့် ငိုနေသလား၊ ကိုယ့်အတွက်

ဝမ်းနည်းပြီး ငိုနေသလား၊ ကိုယ့်သား ခင်ပွန်း အတွက် ငိုနေသလားဆိုတာ သွားမေးကြည့်ရင် ဒီအရေးထဲက မလွတ်စေဘူး. . .(မှန်ပါ့ဘုရား)၊ လွတ်ပါ့မလား. . . (မလွတ်ပါဘုရား)။

ကြည့်စမ်း၊ မကြားကြဘူးလား. . . ကျုပ်သမီးလေး ဟာ ဘယ်နှရက်ရှိသေးတယ်၊ ဟော. . . သမီးလေးက မလာ ဘူးလား. . . (လာပါတယ်ဘုရား)၊ သူ့ပဲ ကျုပ်ဟာ အင်မတန် ရွှေပေါ်မြတင်ထားတာ၊ ခင်တယ်၊ ဘာတဲ့တုံး. . . (အသိများပါ ဘုရား)၊ တကယ်ပဲ အားကိုးလောက်တယ်. . . (အယူများပါ ဘုရား)။

## သားသမီးတွေလား၊ ရုပ်နာမ်လား

ဒကာ,ဒကာမတို့၊ ခင်ဗျားတို့ဟာက သားအပေါ်မှာ လည်း သုံးချက်၊ သမီးအပေါ်မှာကော. . .(သုံးချက်ပါဘုရား)၊ ခင်ပွန်းအပေါ်မှာကော. . .(သုံးချက်ပါဘုရား)၊ ကိုယ့်အပေါ် မှာကော. . .(သုံးချက်ပါဘုရား)၊ ဆွေမျိုးအပေါ်မှာကော. . . (သုံးချက်ပါဘုရား)။

ဟာ. . . ခင်ဗျားတို့ဟာ သုံးချက်ပေါင်း မရေနိုင်ပါ ဘူး၊ ဒါဖြင့် မရနိုင်စရာကို မရှိဘူး၊ ခင်ဗျားတို့ဟာက. . . (မှန်ပါ့)၊ ရှုထားတာက အကုန်ရှုထားတာကို၊ ဘယ်နေရာ အကောင်း

ပါသေးသတုံး. . . (မပါ,ပါဘုရား)၊ ဘယ်နေရာမှာ အကောင်း မပါတဲ့ အဓိပ္ပာယ် ရှင်းမနေဘူးလား. . .(ရှင်းနေပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒီအရှုံးတွေ မပျောက်လို့ရှိရင် တော်ပါ့မလား. . .(မတော်ပါဘုရား)၊ ကိုင်း. . . ဒါဖြင့် ဒကာ,ဒကာမတို့ ဒီလိုလုပ်ကြပါစို့၊ ဒီဥစ္စာ သားကလေးလား. . . ရုပ်နာမ်လား. . . ခင်ရာ မင်ရာလား၊ အကဲခတ်လိုက်စမ်း. . . (ရုပ်နာမ်ပါဘုရား)။

## ရုပ်နာမ်သိတော့ အမှတ်မှန်သွားပြီ

ရုပ်နာမ်ဆိုကတည်းက အမှတ်က မှန်သွားပြီ. . . (မှန်ပါ့)၊ နဂိုက ရုပ်နာမ်ပဲလို့၊ ရုပ်နာမ်ဆိုတော့ အမှတ်က မှန်သွားပြီ. . . (မှန်ပါ့)၊ ရုပ်နာမ်ဖြစ်ခဲ့လို့ရှိရင်ဖြင့် ဒကာ,ဒကာမတို့သိတဲ့အတိုင်းတဲ့၊ သုဘလား၊ အသုဘလား. . . (အသုဘပါဘုရား)။

ဒါဖြင့်. . . ခင်စရာ ဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ ခင်စရာကော ရှိသေးရဲ့လား. . . (မရှိပါဘုရား)။

## ခင်တာပြုတ်တော့ အသိမှန်သွားပြီ

ကဲ. . . ဒါဖြင့် ရုပ်နာမ်သိတုန်းက သညာပြုတ်ခဲ့

တယ်. . . (မှန်ပါ့)၊ အသုဘမှန်းသိတော့ ခင်တာပြုတ်ခဲ့တယ်. . . (မှန်ပါ့)၊ မပြုတ်သေးဘူးလား. . . (ပြုတ်ပါတယ်ဘုရား)၊ ဖြစ်ပျက်မြင်တဲ့အခါကျတော့ အားကိုးရာပြုတ်တယ်. . . (မှန်ပါ့)၊ တစ်ခါတည်းဒိဋ္ဌိပြုတ်တယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဖြစ်ပျက်မြင်တော့ ဒိဋ္ဌိပြုတ်ပြီ

ဩော်. . . ဒါဖြင့် တို့ဆရာဘုန်းကြီးနဲ့ ဒီဒကာ,ဒကာမတွေနဲ့ နေရာကျပြီ၊ ဒါ ရုပ်နာမ်လို့သိရင် သညာပြုတ်ပါတယ်. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ အသုဘလို့ သိနေရင်. . . (ခင်တာပြုတ်ပါတယ်)၊ ခင်တာပြုတ်ပြီတဲ့၊ ဖြစ်ပျက်မြင်တော့ အားကိုးသေးရဲ့လား. . . (မကိုးပါဘုရား)၊ အားကိုးပြုတ်သွားတယ်ဆိုတော့ ဒိဋ္ဌိပြုတ်သွားပြီ၊ မပြုတ်သေးဘူးလား. . . (ပြုတ်ပါတယ်ဘုရား)။

## ဖြစ်ပျက်လုပ်မှ အကုန်ပြုတ်မယ်

ဒါဖြင့် ဒကာ,ဒကာမတို့၊ သညာလည်းပြုတ်၊ စိတ်ကော. . . (ပြုတ်ပါတယ်ဘုရား)၊ ဒိဋ္ဌိကော. . . (ပြုတ်ပါတယ်ဘုရား)၊ ဒါဖြင့် ဖြစ်ပျက်လုပ်မှ ခင်ဗျားတို့အကုန်ပြုတ်မယ်. . . (မှန်ပါ့ဘုရား)၊ ဒကာ,ဒကာမတို့ ဘယ်လိုဆုံးဖြတ်ချက်

ချမလဲ. . . (ဖြစ်ပျက်မြင်မှ အကုန်ပြုတ်ပါမယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်မှ မမြင်ဘူးတဲ့ပုဂ္ဂိုလ်များသည် အရှုံး မသာသာဖြစ်မှာပဲ၊ လမ်းဆုံးရှာလိမ့်မယ်. . . (မှန်ပါ့ဘုရား)၊ ရှင်တုန်းလည်း အရှုံးပဲ. . . (မှန်ပါ့)၊ သေတော့ကော. . . (အရှုံး ပါပဲဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဦးခင်မောင် ရေ. . . နေရာကျပလား. . . (မှန်ပါ့ဘုရား)။

တော်တော်ကလေး နေရာကျလာပြီ ဒကာ ဒကာမတို့၊ ယနေ့တော်တော် နေရာကျလာပြီနော်. . . (မှန်ပါ့)၊ ကိုင်း . . . ဒါဖြင့် ဒကာ,ဒကာမတို့၊ ဒီအလုပ်ကို ရှင်းကြလင်းကြပါစို့။

## ဖြစ်ပျက်တစ်လုံးပိုင်ရင်

ဖြစ်ပျက်တစ်လုံးပိုင်လို့ရှိရင် သညာလည်းပြုတ် တယ်. . . (မှန်ပါ့)၊ စိတ်ကော. . . (ပြုတ်ပါတယ်)၊ ဒါဖြင့် ဒကာ, ဒကာမတို့၊ ဖြစ်ပျက်ပိုင်ဖို့ပဲ ကျုပ်တို့အရေးကြီးတယ်. . . (မှန်ပါ့ဘုရား)။

ခန္ဓာကြီး ကြည့်လိုက်လို့ရှိရင် ဖြစ်ပျက်မှုပဲ ရှိတယ် ဆိုတာကို ပိုင်ပိုင်နိုင်နိုင်သိဖို့ အရေးကြီးတယ်. . . (မှန်လှ ပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ခန္ဓာကြည့်ကြပါစို့ ဒကာ,ဒကာမတို့ ဒီအမှားသုံးချက်ပျောက်အောင် အမှန်ငါးချက်နဲ့ ကျုပ်တို့က

ကြိုးစားပေးရမယ်. . . (မှန်ပါ့ဘုရား)၊ အမှားသုံးချက်ပျောက်အောင်. . . (အမှန်ငါးချက်နဲ့ကြိုးစားရမယ်)၊ အမှန်ငါးချက်ဆိုတာ ဝိပဿနာမဂ်ကို ဆိုပါတယ်. . . (မှန်ပါ့ဘုရား)။

အမှားသုံးချက်ကို ဒကာ,ဒကာမတို့ ပြုတ်အောင် ဘာနဲ့လိုက်ပါ့မယ်. . . (အမှန်ငါးချက်နဲ့လိုက်ရပါမယ်)၊ အဲ. . . အမှားသုံးချက်ကို အမှန်ငါးချက်နဲ့ ဖျက်လိုက်လို့ရှိရင်. . . တဲ့၊ အားလုံး ဒကာ,ဒကာမတွေ ပျက်စီးသွားတာပါပဲ. . . (မှန်ပါ့)။

တော်တော်နေရာကျလာပြီ၊ ဒကာ,ဒကာမတို့၊ ကြိုးစားကြနော်၊ မလျှော့နဲ့. . . (မှန်ပါ့)၊ ကိုင်း. . . ဒါဖြင့် ဒကာဒကာမတို့ ဘုန်းကြီးကပြောတယ်၊ ခင်ရာ မင်ရာဆိုတာ ရုပ်နာမ်လို့ ပြောတယ်နော်. . . (မှန်ပါ့)။

## ကိုယ့်စိတ်ကိုယ်ရှုရမယ်

ကဲ. . . ရုပ်တွေ အသာထားလိုက်ပါတော့၊ နာမ်ပဲရှုကြပါစို့ဆိုတော့ ဒကာ,ဒကာမတို့၊ တစ်နေ့ကစိတ်ကို အရှုမနိုင်ဘူးလား. . . (နိုင်ပါတယ်ဘုရား)၊ ဒကာ,ဒကာမတို့ ဘာများအရှုနိုင်ပါလိမ့်(စိတ်ကိုအရှုနိုင်ပါတယ်ဘုရား)၊ အေး. . . စိတ်ကို အရှုနိုင်းတယ်ဆိုတာ သေချာပလား. . . (သေချာပါပြီ)၊ စိတ်က ဘယ်သူ့စိတ်ရှုရမှာပါလိမ့်. . . (ကိုယ့်စိတ်ကိုယ်ရှုရမှာပါဘုရား)၊ ကိုယ့်စိတ်ကိုယ်ရှုရမယ်နော်. . .

(မှန်ပါ့)၊ ကိုယ့်စိတ်ကိုရှုရမယ်ဆိုတာကော သဘောကျပလား. . . (ကျပါပြီဘုရား)။

ဪ. . . သူများစိတ်ဆိုတာ လွဲလိမ့်မယ်နော်. . . (မှန်ပါ့)၊ သူများစိတ်ရှုရတာ လွဲသည်၊ မှန်သည် နှစ်မျိုးရှိပါတယ်. . . (မှန်ပါ့)၊ ကိုယ့်စိတ်ကိုယ်ရှုတော့. . . (မှန်ပါတယ်ဘုရား)၊ မှန်တယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဖြစ်ပြီးပျက်တယ်လို့ မဂ္ဂင်နဲ့လိုက်ပေး

ဒါဖြင့် ကိုယ့်သန္တာန် လောဘဖြစ်လည်း. . . တဲ့၊ လောဘကလေးဟာ ဖြစ်ပြီးပျက်သည်လို့ မဂ္ဂင်နဲ့လိုက်ပေး. . . (မှန်ပါ့)၊ ဒေါသဖြစ်ရင်ကော (ဖြစ်ပြီးပျက်ပါတယ်)၊ ဖြစ်ပြီးပျက်သွားတာပဲလို့သာ ရှုပေး. . . (မှန်ပါ့ဘုရား)၊ ဣဿာကလေးဖြစ်ရင်ကော. . . (ဖြစ်ပြီးပျက်သွားတာပါဘုရား)၊ မစ္ဆရိယကလေးဖြစ်ရင် ဝန်တိုတဲ့စိတ်ကလေး ပေါ်လာရင်ကော . . . (ဖြစ်ပြီး ပျက်သွားတာပါဘုရား)။

ဒေါသကလေးဖြစ်ရင်ကော. . . (ဖြစ်ပြီး ပျက်သွားတာပါဘုရား)၊ သံသယကလေးရှိလာရင်ကော. . . (ဖြစ်ပြီးပျက်တာပါဘုရား)၊ အင်း. . . ဒါဖြင့် ကုသိုလ်ကလေးလုပ်တဲ့စိတ်ကလေးဟာကော. . . (ဖြစ်ပြီးပျက်တာပါဘုရား)။

ဖြစ်ပြီးပျက်တာပဲဆိုတော့ ဒကာ,ဒကာမတို့ သန္တာန် မှာ ပုထုဇဉ်သန္တာန်မှာ ဖြစ်တဲ့စိတ် ပုထုဇဉ်ဉာဏ်နဲ့ ရှုပေါ့ဗျာ. . . (မှန်ပါ့ဘုရား)၊ ရှုတတ်ပြီမဟုတ်လား (ရှုတတ်ပါပြီဘုရား)။

ဒါဖြင့် ရှုပုံတော့ဖြင့် တစ်နေ့က စိတ်တစ်ဆယ့်သုံးခု ပြပြီးပါပြီ. . . (မှန်ပါ့)၊ အဲဒီတော့ ဒါကို တစ်ဖြိုင်ဖြိုင် ရှုပေးပါနော်(မှန်ပါ့)၊ လာတဲ့စိတ်ဆိုရင် ရှုနော်(မှန်ပါ့)၊ ဘာမှမရှိရင် ရှူစိတ်နဲ့ရှိုက်စိတ်ကို ရှုပေး. . . (မှန်ပါ့)။

နို့မဟုတ် ကြားပေါက်လာရင်. . . (ကြားပေါက်ရှုပေးရပါမယ်ဘုရား)၊ ကြားပေါက်စိတ်ရှု၊ ခင်ဗျားတို့ သန္တာန်မှာ အရိယာစိတ်မလာပါဘူး. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ပုထုဇဉ်တွေမို့ ဘာစိတ်သာလာမတုံး. . . (ပုထုဇဉ်စိတ်လာပါမယ်ဘုရား)။

ပုထုဇဉ်မှာလည်း ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်ရင် ဒွိဟိတ်စိတ်သာလာမယ်. . . (မှန်ပါ့)၊ သည့်ပြင်စိတ်. . . လာနိုင်ပါ့မလား . . . (မလာနိုင်ပါဘုရား)၊ မလာနိုင်တော့ ကိုယ့်လာတဲ့ စိတ်သာ ကိုယ်ရှု. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)။

ဝမ်းသာရင် ဝမ်းသာတဲ့စိတ်ကို. . . (ဖြစ်ပျက်ရှုရပါ မယ်)၊ ဝမ်းနည်းရင်. . . (ဝမ်းနည်းတဲ့စိတ်ကို ရှုရပါမယ်)၊ ဥပေက္ခာ

ထားရင်. . . (ဥပေက္ခာစိတ် ရှုရပါမယ်)၊ ဥပေက္ခာ စိတ်ကိုရှု ဒကာ,ဒကာမတို့၊ သဘောကျပလား. . . (ကျပါပြီ)။

အဲဒီကဲ့သို့တဲ့၊ ကိုယ့်စိတ် ကိုယ်ရှုလို့ရှိရင်ဖြင့် ဒကာ, ဒကာမတို့၊ စိတ္တာနုပဿနာဖြစ်ပါတယ်. . . (မှန်ပါ့ဘုရား)၊ အဲဒီတော့ကိုတဲ့၊ ဒါ တပည့်တော်တို့ ဘယ်လောက်ကြာကြာ ရှုရမလဲလို့ ဒကာ,ဒကာမတွေ မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

## လောဘလာရင် မဂ္ဂင်ငါးပါးနဲ့ရှု

ကိုယ့်စိတ်ကို ဘုရားတပည့်တော်ဖြင့် လောဘကလေးလာလည်း နောက်ကနေပြီး မဂ္ဂင်ငါးပါးနဲ့ ရှုရပါတယ်။ ဒေါသကလေးလာလည်း မဂ္ဂင်ငါးပါးပဲ ရှုရပါတယ်။ မောဟလာလည်း မဂ္ဂင်ငါးပါးနဲ့ ရှုပါတယ်၊ ရှုချင်တာသာ ရှုပေါ့ဗျာ(မှန်ပါ့)၊ ရှုလိုက်တော့ လောဘ,ဒေါသ,မောဟလား၊ ဖြစ်ပျက်လား(ဖြစ်ပျက်ပါဘုရား)၊ ရှုတာက ဘာဆိုကြမယ် . . . (မဂ္ဂပါဘုရား)၊ ဒါဖြင့် ဖြစ်ပျက် မင်္ဂကိုက်အောင်လုပ် . . . (မှန်ပါ့ဘုရား)၊ ဖြစ်ပျက်မင်္ဂကိုက်အောင်လုပ်. . . (မှန်ပါ့)။

ဒီကြားထဲမှာ ကိလေသာ မဝင်အောင် လုပ်ပါ. . . (မှန်ပါ့ဘုရား)။

ကိလေသာမဝင်လို့ရှိရင် မနက်အားထုတ်ရင် ညနေ

ရမယ်. . . (မှန်ပါ့)၊ ညနေအားထုတ်ရင်. . . (မနက်ရပါ့မယ်)၊ မနက်ရမယ်ဆိုတော့ ဒါ. . . ကိုယ့်အတွက်မှာ ဝမ်းနည်းစရာ လိုသေးသလား. . . (မလိုပါဘုရား)၊ ဝမ်းနည်းစရာ ဘာမှ မလိုပါဘူးတဲ့။

အဲဒီတော့ ဒီလို ဒကာ,ဒကာမတွေက ကိုယ့်စိတ်ကို ကိုယ်ကြည့်ပြီး သကာလ ဖြစ်ပျက်တွေကို မြင်ပါလိမ့်မယ် . . . (မှန်ပါ့)၊ မြင်တော့ ဘုန်းကြီးက ဒကာ,ဒကာမတွေကို အလုပ်ပေးနေတဲ့ ဘုန်းကြီးဖြစ်နေတော့ ရှင်းရှင်းပဲ ပြောပါ တယ်၊ စိတ်ဟာ နှစ်စိတ် ဘယ်တော့မှ မပြိုင်ဘူး၊ ဒါလည်း တစ်စိတ်၊ အပျက်ကလည်း တစ်စိတ်ပဲ၊ အရှုကလည်း (တစ်စိတ်ပါပဲ)၊ ဘယ်တော့မှ သတ္တဝါသန္တာန် မပြိုင်ဘူးလို့ မှတ်ထားလိုက်ပါ. . . (မှန်ပါ့ဘုရား)။

## အရှုခံစိတ်ချုပ်ပြီးမှ ရှုဉာဏ်စိတ်ပေါ်

ပြိုင်ပြီးဘယ်တော့မှ မဖြစ်ဘူး၊ ဒီစိတ်ချုပ်ပြီးမှ ဟုတ်လား. . . (မှန်ပါ့)၊ အရှုခံစိတ် ချုပ်ပြီးမှ ရှုဉာဏ်စိတ် ပေါ်ပါတယ်. . . (မှန်ပါ့ဘုရား)၊ အရှုခံစိတ်. . . (ချုပ်ပြီးမှ ရှုဉာဏ်စိတ် ပေါ်ပါတယ်ဘုရား)။

ရှုဉာဏ်စိတ် ပေါ်တယ်ဆိုတော့ ဒကာ,ဒကာမတို့ အရင်တုန်းက အသက်ရှင်နေတာ ဒီစိတ်နဲ့ အသက်ရှင်နေ

တယ်. . .(မှန်ပါ့)၊ နောက်. . .သူသေသွားတော့ ဘယ်စိတ်နဲ့ အသက်ရှင်သလဲ. . .(ရှုဉာဏ်စိတ်နဲ့ အသက်ရှင်ပါတယ်ဘုရား)၊ ရှုဉာဏ်နဲ့ အသက်မရှင်ရပေဘူးလား. . .(ရှင်ရပါတယ်ဘုရား)။

## တစ်ခုသောစိတ်နဲ့ အသက်ရှင်နေတာ

ဒါဖြင့် ဧကစိတ္တသမာယုတာ = တစ်ခုတည်းသော စိတ်နဲ့ ဒကာ,ဒကာမတွေ အသက်ရှင်နေတာ. . .(မှန်ပါ့ဘုရား)၊ စိတ်ဘယ်နှခုနဲ့ အသက်ရှင်နေသလဲ. . .(တစ်ခုသောစိတ်နဲ့ အသက်ရှင်နေပါတယ်)၊ အရှခံနဲ့ အသက်ရှင်နေတုန်းကို ရှုဉာဏ်မပေါ်သေးပါဘူး. . .(မပေါ်သေးပါဘုရား)။

သဘောကျပြီနော်. . .(မှန်ပါ့)၊ ဒါ, ရှင်းရှင်းလင်းလင်း မှတ်ပါ၊ ရှင်းရှင်းလင်းလင်း မှတ်ပါ၊ ဒါ, အလုပ်တရားမှာ အလွန်အရေးကြီးနေပြီ(မှန်ပါ့)၊ ဒကာဒကာမတွေ အပင်ပန်းခံပြီးသကာလ၊ လူတွေ တိုးဝှေ့ပြီးသကာလ တချို့နေစရာမရှိလို့ အပြင်ဘက်မှာ နေကြရတယ်၊ ဒါကို လိုရင်းပေးချင်လို့ ဘုန်းကြီးကလည်း ဒါ,ရှုလိုက်လို့ရှိရင် ဒီကြားထဲ ခုနကတဏှာက လာသေးရဲ့လား. . .(မလာပါဘုရား)။

## တဏှာမလာရင် ဒိဋ္ဌိမလာပါ

တဏှာမလာရင် ဒိဋ္ဌိ. . . (မလာပါဘုရား)၊ ဒိဋ္ဌိမှ မလာဘဲနဲ့ အို,နာ,သေ ဘယ့်နှယ်တုံး. . . (မလာပါ ဘုရား)၊ တစ်ခါတည်း ဝဋ်မကျွတ်သွားဘူးလား. . . (ကျွတ်သွားပါ တယ်ဘုရား)။

အဲဒါကြောင့် အလုပ်တရားကို ကြပ်ကြပ် ဂရုစိုက် နားထောင်ပါဆိုတာ တိုက်တွန်းရတယ်. . . (မှန်လှပါဘုရား)၊ ဒါဖြင့် ကိုယ့်စိတ်ကိုယ်ရှု(မှန်ပါ့)၊ လောဘစိတ်လာရင်. . . (လောဘစိတ်ရှု)၊ လောဘစိတ်ကိုမင်္ဂနဲ့ဖြစ်ပျက်ရှု၊ ဒေါသ စိတ်လာရင်. . . (ဒေါသစိတ်ရှု)၊ မောဟစိတ်လာရင်. . . (မောဟစိတ်ရှု)။

ရှုရလိမ့်မယ်နော်. . . (မှန်ပါ့)၊ မမေ့အောင်ရှုပေး၊ ဘာမှ မရှိရင် လေကိုထွက်အောင် အားထုတ်တဲ့စိတ်ကို. . . (ရှုရပါ မယ်)၊ လေကို ပြန်ရှိုက်တဲ့စိတ်ကို. . . (ရှုရပါမယ်ဘုရား)၊ ရှုရလိမ့်မယ်ဆိုတော့ ဒါကလေးနဲ့ ရှု,ရှုပေးနေတော့ ဖြစ် ပျက်–မင်္ဂ၊ ဖြစ်ပျက်–မင်္ဂ မကိုက်ပေဘူးလား. . . (ကိုက်ပါ တယ်ဘုရား)။

အဲဒီတော့ ဒကာ,ဒကာမတွေ မိလိန္ဒပဉှာ ပါဠိတော် မှာ လာတာကလေးနဲ့ ဒကာ,ဒကာမတွေကို ပြောချင်ပါ တယ်တဲ့။

## မိလိန္ဒမင်းကြီးကမေးတယ်

မိလိန္ဒမင်းကြီးက ရှင်နာဂသိန်ကိုမေးတယ်၊ မိလိန္ဒမင်းကြီးဆိုတာက ဒကာ,ဒကာမတွေ ကြားဖူးတဲ့အတိုင်း ပညာရှိပေါ့ဗျာ. . .(မှန်ပါဘုရား)၊ ရှင်နာဂသိန်ကတော့ သူ့ထက် ပညာရှိတဲ့အပေါ်မှာ ရဟန္တာဖြစ်နေတယ်. . .(မှန်ပါ့ဘုရား)။

ရဟန္တာဆိုတာသည် ဝိပဿနာ ကိုယ်တိုင်ရှုပြီးလို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, လေးဉာဏ်ရလို့ ရဟန္တာဖြစ်တယ်ဆိုတာလည်း ခင်ဗျားတို့ ဘာမှ သံသယရှိဖို့ မလိုပါဘူး၊ လိုသေးသလား. . .(မလိုပါဘုရား)။

## နိဗ္ဗာန်ဘက်ကူးပုံသိချင်ပါတယ်ဘုရား

အဲဒီ ကိုယ်တိုင် နိဗ္ဗာန်မြင်တဲ့ ပုဂ္ဂိုလ်ကို ဒကာ, ဒကာမတို့ မေးလိုက်တယ်၊ မိလိန္ဒမင်းကြီးက ''အရှင်ဘုရား ကတော့ ဘုရား၊ ကိုယ်တိုင် နိဗ္ဗာန်ရောက်ပြီးသားပုဂ္ဂိုလ်ဖြစ် ပါတယ်၊ အဲဒီတော့ နိဗ္ဗာန်ကိုယ်တိုင် အာရုံပြုနိုင်တဲ့ ပုဂ္ဂိုလ် ဖြစ်ပြီး သကာလနေတော့ တပည့်တော်များလည်း နိဗ္ဗာန် ရောက်ချင်တယ်၊ ရောက်ချင်တော့ကို ဘယ်လိုရှုပြီးသကာလ ဘယ်လိုနိဗ္ဗာန်ဘက်ကူးသွားတယ်ဆိုတဲ့ဥစ္စာ တပည့်တော် အရေးတကြီးသိချင်ပါတယ်။''

ဒကာ,ဒကာမတို့၊ ဝိပဿနာ ရှုရင်းမတ္တနဲ့ နိဗ္ဗာန် ဘက် ဘယ်လိုကူးသွားတယ်ဆိုတာ သူသိချင်တယ်. . . တဲ့ . . . (မှန်ပါဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)၊ ဝိပဿနာ ရှုရင်းမတ္တနဲ့. . . (နိဗ္ဗာန်ဘက် ကူးသွားတာ သိချင်ပါတယ် ဘုရား)။

## သူများမမေးနဲ့ ကိုယ်တိုင်ရောက်လိမ့်မယ်

နိဗ္ဗာန်ဘက် ကူးသွားတာ သူ သိချင်ပါတယ် ဆို တော့ ဒကာ,ဒကာမတို့၊ ဒီဟာကလေးဟာ အသေအချာ မှတ်ရမှာနော်. . . (မှန်ပါ့ဘုရား)၊ လုပ်တဲ့ပုဂ္ဂိုလ်မှာ နိဗ္ဗာန် ရောက်တယ်ဆိုတာ သူများမမေးပါနဲ့တော့၊ ကိုယ်ကိုယ်တိုင် နိဗ္ဗာန်ရောက်ပါလိမ့်မယ်. . . (မှန်လှပါ)၊ ရှုသာရှုပါ၊ ဖြစ်ပျက် သာ မီအောင်ရှုပါ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

အဲဒီတော့ ရှင်နာဂသိန်က ဒကာကြီးတဲ့ ''တဿတံ စိတ္တံ အပရာပရံ မနသိကရောတော ဥပ္ပါဒံ အတိက္ကမိတွာ အနုပ္ပါဒံ ဩက္ကမတိ'' ဖြစ်ပျက်မှုကိုလွန်ပြီး သကာလ ဒကာ ကြီးတဲ့ မြန်မြန် ဒါလေးကို ဖြစ်ပျက်,ဖြစ်ပျက်. . . လို့ နှလုံး သွင်းလိုက်ပါ၊ ကိုယ့်စိတ်ကို၊ သဘောကျပလား. . . (ကျပါ ပြီ)၊ ကိုယ့်စိတ်ကို ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

## ဖြစ်ပျက်လို့ ကိုယ့်ဉာဏ်နဲ့ နှလုံးသွင်းနေပါ

ဖြစ်ပျက်, ဖြစ်ပျက်လို့ ကိုယ့်မင်္ဂလေးနဲ့ ကိုယ့်ဉာဏ်ကလေးနဲ့ နှလုံးသွင်းနေပါ. . . တဲ့၊ သဘောကျပလား . . . (မှန်ပါ့ဘုရား)၊ "တဿ တံ စိတ္တံ အပရာပရံ မနသိကာ ရောတော"တဲ့။ တဿ = ထိုဝိပဿနာရှိသော ပုဂ္ဂိုလ်သည်၊ တံစိတ္တံ=ထိုဖြစ်သောစိတ်ကို၊ အပရာပရံ=မဖြတ် မနသိကာရောတော နှလုံးသွင်းနေခဲ့လျှင်၊ ဖြစ်ပျက်သာ အမြဲနှလုံးသွင်းနေခဲ့လျှင် ဒကာ,ဒကာမတို့ မှတ်မိပလား. . . (မှတ်မိပါပြီ)၊ ဖြစ်ပျက်ဘာတုံး. . . (အမြဲနှလုံးသွင်းနေခဲ့ပါလျှင်)။

## မဂ္ဂင်ရှစ်ပါးပြည့်ပြီးဝင်သွားတယ်

အဲဒီတော့ ဥပ္ပါဒံ အတိက္ကမိတ္ဂာ = ဟောဒီ ဖြစ်ပျက်တွေ လွန်သွားပါလိမ့်မယ်တဲ့. . . (မှန်ပါ့)၊ ဘာလွန်သွားမလဲ. . . (ဖြစ်ပျက်တွေ လွန်သွားပါမယ်)၊ အနုပ္ပါဒံ ဩက္ကမတိ = ဖြစ်ပျက်မရှိတဲ့ဘက် တစ်ခါတည်း ဟောဒီဉာဏ်က ဒကာ,ဒကာမတို့ မဂ္ဂင်ရှစ်ပါးပြည့်ပြီး ဝင်သွားတာပဲ. . . (မှန်ပါ့)၊ ဖြစ်ပျက်မရှိတဲ့ဘက် ပြေးဝင်သွားတယ်. . . (မှန်ပါ့)။

## ဖြစ်ပျက်မရှိတဲ့ဘက်ဝင်သွားတယ်

ပထမ သူဖြစ်ပျက်လှည့်နေတယ်. . . (မှန်ပါ့)၊ ရှုဖန်များတော့ ဒီဖြစ်ပျက်ရှုတဲ့ ဉာဏ်တွေဟာ ဘယ်ဘက် လှည့်သွားသလဲ. . . (ဖြစ်ပျက်မရှိတဲ့ဘက်ပါဘုရား)၊ ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ ပထမဘယ်ဘက်လှည့်သတုံး. . . (ဖြစ်ပျက်ဘက်လှည့်ပါတယ်)၊ နောက်ရှုဖန်များလာတော့. . . (ဖြစ်ပျက်မရှိတဲ့ ဘက်လှည့်ပါတယ်)၊ ဖြစ်ပျက်မရှိတဲ့ဘက် သူလှည့်သွားတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဒါဖြင့်. . .

**"တဿ တံ စိတ္တံအပရာပရံ မနသိကရောတော ဥပ္ပါဒံ အတိက္ကမိတွာ အနုပ္ပါဒံ ဩက္ကမတိ၊ ဝေဝံ ခေါ မဟာရာဇ သမ္မာ ပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတိ"**

ဦးခင်မောင် ဖြစ်ပျက်တွေ ရှုရာကနေပြီးသကာလ တစ်ခါတည်း ရှုတဲ့ဉာဏ် ဖြစ်ပျက်မရှိတဲ့ဘက် သူ့ဟာသူ ပြောင်းသွားတယ်. . . (မှန်ပါ့ဘုရား)၊ ပထမတော့ ဘယ်ဘက်လှည့်နေသတုံး. . . (ဖြစ်ပျက်ဘက် လှည့်နေပါတယ်)၊ ရင့်လာတော့ ဘယ့်နှယ်တဲ့. . . (ဖြစ်ပျက်မရှိတဲ့ဘက် ပြောင်းသွားပါတယ်ဘုရား)။

## နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ

ဖြစ်ပျက်မရှိတဲ့ဘက် ပြောင်းသွားတော့ အဲဒါ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ ဒကာကြီး ဒါပဲ. . .(မှန်ပါ့)၊ ရိပ်မိပလား. . .(ရိပ်မိပါပြီ)၊ ပထမတော့ ဘယ်ဘက်လှည့်နေသလဲ. . .(ဖြစ်ပျက်ဘက်လှည့်နေပါတယ်)၊ ခင်ဗျားက ရှုတဲ့ဉာဏ်ကလေးကလေ. . .(မှန်ပါ့)။

နောက်တော့ ရှုဖန်များရင်း ရှုဖန်များရင်းနဲ့ ဟောဒီ ဖြစ်ပျက်တွေ မတွေ့တော့ဘူး. . .(မှန်ပါ)၊ ဖြစ်ပျက်မရှိတဲ့ ဘက်ဉာဏ်ကလှည့်သွားတယ်. . .(မှန်ပါ့ဘုရား)၊ ဖြစ်ပျက် မရှိတာက ဘာပါလိမ့်. . .(နိဗ္ဗာန်ပါဘုရား)။

အဲဒီ နိဗ္ဗာန်ဘက်လှည့်သွားတယ် ဒကာကြီးရာတဲ့၊ နိဗ္ဗာန်နံသစ္ဆိကရောတိ. . .တဲ့။ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ ဒါပဲတဲ့၊ ပထမဖြစ်ပျက်ဘက် လှည့်နေတယ်တဲ့၊ နောက်ကျတော့ ရှုဖန်များလာတော့ ဖြစ်ပျက်တွေ အကုန်ချုပ်သွားပြီး ဖြစ်ပျက်မရှိတဲ့ဘက် ဒီဉာဏ်က လှည့်သွားတယ်. . .(မှန်ပါ့ဘုရား)၊ ရိပ်မိပလား. . .(ရိပ်မိပါပြီ)။

## ကိုယ်တိုင်ရောက်ဖူးတာပြောတာ

အဲဒါ''နိဗ္ဗာနံ သစ္ဆိကရောတိ''ဆိုတာ ဒကာကြီး ဒါပဲတဲ့. . .ဆိုတော့ ဒကာ,ဒကာမတွေ သိတဲ့အတိုင်း ဒီ

ပုဂ္ဂိုလ်က သူသွားပြီးသားလမ်းကို သူပြောတာနော်... (မှန်ပါ့ဘုရား)။ ရမ်းပြောတာလား၊ ကိုယ်တိုင်ရောက်ဖူးတာ ပြောတာလား...(ကိုယ်တိုင်ရောက်ဖူးတာ ပြောတာပါ)၊ ဒါဖြင့် ကျုပ်တို့က သံသယရှိဖို့ လိုသေးသလား...(မလို ပါဘုရား)။

ဒါဖြင့် ကျုပ်တို့က ကိုယ့်စိတ်ကို ဖြစ်ပျက်သာရှုနေ (မှန်ပါ့) သူ နိဗ္ဗာန်ရောက်ချင်တဲ့ အခါကျတော့ ရှုတဲ့ဉာဏ် ရင့်ကျက်လာပြီး ဖြစ်ပျက်မမြင်တဲ့ဘက်ကို ဖြစ်ပျက်မရှိတဲ့ ဘက်ကို ဒီဉာဏ်က လှည့်သွားလိမ့်မယ်...(မှန်ပါ့ဘုရား)။

## ဖြစ်ပျက်မရှိတာက နိဗ္ဗာန်

လှည့်သွားတဲ့အခါကျတော့ ဖြစ်ပျက်မရှိတာကနိဗ္ဗာန်၊ လှည့်သွားတဲ့ဉာဏ်က မဂ်ဉာဏ်၊ သေတာက တဏှာ... (မှန်ပါ့ဘုရား)၊ တဏှာသေကတည်းက ခန္ဓာလုပ်နိုင်သေးရဲ့ လား...(မလုပ်နိုင်ပါဘုရား)၊ ခန္ဓာမှ မရှိဘဲနဲ့ အို,နာ,သေ ဒကာ,ဒကာမတို့...(မရှိနိုင်ပါဘုရား)၊ရှင်းပြီနော်...(ရှင်းပါပြီ)။

ဒါဖြင့် ဖြစ်ပျက်ချုပ်တာက ဘာတဲ့...(နိဗ္ဗာန်ပါ)၊ မြင်တာက...(မဂ်ဉာဏ်ပါ)၊ သေတာက...(တဏှာ)၊ သမုဒယသေတာ...(မှန်ပါ့)။

## ခန္ဓာရှိတုန်းမြင်ရတဲ့ နိဗ္ဗာန်

ခန္ဓာနဲ့တကွ ဒကာ,ဒကာမတို့၊ ဟိုဘက်ချုပ်တာက ခန္ဓာ၊ ချုပ်ပြီးမှရတဲ့ အနုပါဒိသေသ နိဗ္ဗာန်. . .(မှန်ပါ)၊ ဒီဘက်ကိုယ်တိုင်မြင်ရတာက ခန္ဓာရှိတုန်း မြင်ရတဲ့အတွက် သဉပါဒိသေသနိဗ္ဗာန်. . .(မှန်ပါ့ဘုရား)၊ ရှင်းပလား. . .(ရှင်းပါပြီ)။

မြင်ရတာက. . .(သဉပါဒိသေသနိဗ္ဗာန်)၊ နောက်မှရမယ့်နိဗ္ဗာန်က. . .(အနုပါဒိသေသနိဗ္ဗာန်)၊ အနုပါဒိသေသနိဗ္ဗာန်ဆိုတော့ ဒကာ,ဒကာမတို့ ဒါပဲလုပ်ရုံရှိတယ်. . . (မှန်ပါ့)၊ သဘောပါကြပလား. . .(ပါ,ပါပြီ)၊ လုပ်တတ်ကြပလား. . .(လုပ်တတ်ပါပြီ)၊ ခင်ဗျားတို့ လုပ်တတ်ဖို့ရာက ဖြစ်ပျက်မြင်ဖို့ရာသာလုပ်. . .(မှန်ပါ့)၊ မိမိသန္တာန်မှာ ဘယ်စိတ်လာလာ ဖြစ်ပျက်သာ ရှုနေ. . .(မှန်ပါ့)။

## ဖြစ်ပျက်ကိုများများမြင်အောင်လုပ်

အဲဒါ ခင်ဗျားတို့အလုပ်၊ နိဗ္ဗာန်သွားဖို့ အလုပ်က တော့ သူရင့်လာလို့ မဂ်က သူ့ဟာသူ နိဗ္ဗာန်ဘက် လှည့်သွားမှာပဲ. . .(မှန်ပါ့)၊ မလှည့်ပါနဲ့ဆိုလို့ရရဲ့လား. . .(မရပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့အလုပ်က ဘာလုပ်ရမှာတုံး. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက်ကို များများမြင်အောင် လုပ်ရ

မှာပဲ. . . (မှန်ပါ့)။

ဒါဖြင့် များများမြင်တဲ့ဉာဏ်သည် ရင့်သွားရင် ဘယ်ဘက်လှည့်မတုံး. . . (နိဗ္ဗာန်ဘက် လှည့်ပါမယ်)၊ ဒါဖြင့် နိဗ္ဗာန်ဟာ အဝေးကြီးလား ဒကာ,ဒကာမတို့၊ အခုရမှာလား . . . (အခုရမှာပါဘုရား)။

## များများရှုရင် သူ့ဟာသူ နိဗ္ဗာန်ပေါ်လာမယ်

ဒါဖြင့် နိဗ္ဗာန် ရ,ရပါလို၏လို့ ဆုတောင်းမနေနဲ့၊ ဒါ များများရှုရင် သူ့ဟာသူ နိဗ္ဗာန်ပေါ်လာမယ်. . . (မှန်ပါ ဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ မပေါ်စရာ ရှိသေးရဲ့လား. . . (မရှိပါဘုရား)။

ဒါ,ဘယ်သူ ဟောတာတုံးဆိုတော့ ရဟန္တာ ရှင်နာဂသိန်က ဟောတာ. . . (မှန်ပါ့ဘုရား)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဘုရားသခင်ကိုယ်တော်တိုင် ဟောခဲ့လို့ ဒီ ရှင်နာဂသိန် ပေါ်ရစ်လိမ့်မယ်ဆိုတဲ့ဥစ္စာ ဦးခင်မောင် သေချာပြီးသားနော် . . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

**ကဲ. . . ယနေ့ ဒီတင် တော်ကြဦးစို့. . . ။**

**သာဓု. . . သာဓု. . . သာဓု**

⊙